ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် စနေနေ့။ Saturday, 31 October 2026 ၁၂၃၄၈

တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ–၆၅)

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့နံနက်၁၀ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

နောက် ၉၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ဒုတိယသမ္မတ ဦးညိုစောဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

ဒုတိယသမ္မတ ဦးညိုစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၀

ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

ပြည်ပနိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် မှန်ကန်စွာ ဝင်ရောက်နိုင်ရေး အစည်းအဝေးကျင်းပ စာမျက်နှာ » ၈

Smart City ထက် တစ်ဆင့်မြင့်လာသော Intelligent City ဆောင်းပါး စာမျက်နှာ » ၉

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ် စာမျက်နှာ » ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၌ ပေါ်ဆန်းစပါး ၃၄၇၂၂၆ ဧက စိုက်ပျိုးထား

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းမွှေးဆန်ကို မိုးစပါးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၄၇၂၂၆ ဧက စိုက်ပျိုးထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတွင် ရွှေဘိုပေါ်ဆန်း ၃၄၇၁၃၅ ဧကနှင့် ရေဆင်းပေါ်ဆန်း(၁) ၉၁ ဧက စုစုပေါင်း ၃၄၇၂၂၆ ဧက စိုက်ပျိုးထားပြီး မိုးစပါး ၁၇၂၉၁၃၄၆ ဧက စိုက်ပျိုးရန် လျာထား စာမျက်နှာ ၃ ကော်လံ ၅ သို့ ❒

ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာခဲ့ကြသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ရစဉ်။

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၃၀

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter– Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် CNF၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဟားခါး– ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ကြေးမုံ

ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာ မပျောက်ပျက်အောင်ဝိုင်းဝန်းကြိုးပမ်း

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က “မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကိုလိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေ့ါပေ့ါဆဆမထားကြရန် လိုအပ်ကြောင်း” အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုအခြေခံသည့် ယဉ်ကျေးမှုအစဉ်အလာ မြင့်မားခိုင်ကျည်သောနိုင်ငံဖြစ်သည်။ မြန်မာတို့၏ လူမှုဘဝဓလေ့ထုံးတမ်းအစဉ်အလာတွင်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များတွင်လည်းကောင်း အစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ လွှမ်းခြုံထုံမွမ်းနေသည်ကို သမိုင်းအစဉ်အဆက် မြင်တွေ့ကြရမည်ဖြစ်သည်။ အဆိုပါယဉ်ကျေးမှုများနှင့်အညီ မြန်မာ့လူမှုအသိုက်အဝန်းများတွင် ချစ်ခင်နှစ်လိုဖွယ်ကောင်းသော၊ ဂုဏ်ယူမြတ်နိုးဖွယ်ကောင်းသော အလေ့အထ ထုံးတမ်းစဉ်လာများ လွှမ်းခြုံရှင်သန်နေသည်မှာ စိတ်ရွှင်လန်းချမ်းမြေ့ ကြည်နူးဖွယ်ရာ ဓလေ့စရိုက်ကောင်းများဖြစ်သည်။ သို့သော် ၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ပေါင်းစပ်ဖြစ်ထွန်းလာမှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားဖုံးလွှမ်းလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

လူမှုအသိုက်အဝန်းများအကြား၊ လူငယ်ထုအကြား၌ အနောက်တိုင်းယဉ်ကျေးမှုနှင့်ဆန်းသစ်တီထွင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ တစ်နေ့တခြားလွှမ်းမိုးလာသည်ကို တွေ့မြင်ရသည်။ လူငယ်လူရွယ်အချို့ကြားတွင် ခေတ်ရေစီးကြောင်းအတိုင်းစီးမျောရင်း တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဓလေ့စရိုက်များ နှစ်သက်မြတ်နိုးမှုကြီးထွားလာကာ ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာကြသည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်တန်ဖိုးများ ပျောက်ကွယ်လာပြီး ရောထွေးယှက်တင်သည့် ယဉ်ကျေးမှုအပြုအမူနှင့် စရိုက်လက္ခဏာများ လွှမ်းခြုံလာသည်။ ထိုသို့တိုင်းတစ်ပါးယဉ်ကျေးမှု ဖုံးလွှမ်းမှုနှင့်အတူ မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ မှေးမှိန်ပျောက်ကွယ်လာသည်ကို သတိပြုရမည်ဖြစ်သည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ပြီး တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ကာကွယ်စောင့်ရှောက်လိုစိတ်များလျော့ပါးလာမည်ကို စိုးရိမ်ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့် တန်ဖိုးများ၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလည်း အပါအဝင်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်အောင် ပါဝင်ကြိုးပမ်းခဲ့သည့် အနုပညာရှင်များ၊ မျိုးဆက်သစ်များ၊ အကဲဖြတ်များ၊ အားပေးချီးမြှောက်သူများအားလုံးကို အသိအမှတ်ပြုရမည်ဖြစ်သည်။ အစဉ်အလာကြီးမားသည့် မြန်မာ့ယဉ်ကျေးမှုကို လူငယ်လူရွယ်များ တန်ဖိုးထားမြတ်နိုးနှစ်သက်လာစေရန် အရိုးကိုအရွက်မဖုံးသည့် ခေတ်မီဆန်းသစ်မှုများနှင့် ဖျော်ဖြေတင်ဆက်မှုများကို ဝေဖန်ပြစ်တင်မှုမပြုဘဲ အားပေးမြှင့်တင်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ယဉ်ကျေးမှုရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် နိုင်ငံအနာဂတ်အတွက် ယဉ်ကျေးမှုမပျောက်သည့် ထူးခြားဆန်းသစ်မှုဟု မှတ်ယူရမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်နိုင်မှု အကျိုးကျေးဇူးကြောင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွက်လာသည်မှာလည်း အားရကျေနပ်ဖွယ်ဖြစ်သည်။ ယဉ်ကျေးမှုအနုပညာသည် အများပြည်သူကို လွှမ်းခြုံဖမ်းစားနိုင်မှုရှိပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို မပျောက်ပျက်စေသည့် ဝတ်စားဆင်ယင်မှုများ ထွန်းကားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ခေတ်မီဆန်းသစ်မှုနှင့် မြန်မာ့ယဉ်ကျေးမှုကိုပေါင်းစပ်ပြီး အများပြည်သူ နှစ်သက်မြတ်နိုးလာစေရန် တီထွင်ကြံဆဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဦးဉာဏ်လင်းထွေး ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့်ပြည်တွင်းလုံခြုံရေး ဆိုင်ရာဌာနကြီး နိုင်ငံတော်သမ္မတရုံး
(၂)	ဦးဝင်းဇော်မိုး ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး	ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(၃)	ဦးလှိုင်စိုးသန့် ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(၄)	ဦးမိုးဟိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့

(၃၀-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၀	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၇၉၁,၁၂၁.၅၆	၁,၈၅၁,၇၄၂.၀၀	၂၃,၁၄၇,၄၀၄.၁၀	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၀ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၀၀၀	၂၀,၀၀၀	၉၈	၁,၉၁၆,၀၀၀
MTSH	၈,၄၀၀	၈,၄၀၀	၁၆,၁၀၃	၁၃၅,၂၆၅,၂၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၁၃	၁၆၃,၀၀၀
FPB	၆,၇၀၀	၆,၈၀၀	၁,၁၉၉	၈,၀၄၃,၈၀၀
TMH	၃,၂၅၀	၃,၂၅၀	၄	၁၃,၀၀၀
EFR	၁,၆၀၀	၁,၆၀၀	၄,၆၄၂	၇,၄၂၇,၃၀၀
AMATA	၄,၃၀၀	၄,၃၀၀	၀	၀
MAEX	၆,၄၀၀	၆,၃၀၀	၁,၇၁၈	၁၀,၉၆၁,၇၀၀
MADPL(PLB)	၆,၂၀၀	၆,၂၀၀	၄,၆၅၁	၂၈,၈၃၆,၂၀၀
ASPGB(PLB)	၅,၅၀၀	၅,၆၀၀	၄,၆၁၂	၂၅,၄၁၆,၇၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် ဒုတိယသမ္မတက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ကဏ္ဍအလိုက်၊ အပိုင်းလိုက်၊ အဆင့်လိုက် လမ်းပြမြေပုံများ ချမှတ်ပြီး မဟာဗျူဟာမြောက် ဆောင်ရွက်နေမှု၊ ခေတ်မီပြီး လုံခြုံစိတ်ချရသည့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများကို အခြေခံခိုင်မာအောင် တည်ဆောက်သွားရန်နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသည့် ယန္တရားများတည်ဆောက်ပြီး အစိုးရ၏ e-Government စနစ်များကို အပြည့်အဝဒီဂျစ်တယ်အသွင်ပြောင်းလဲ ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး အမျိုးသားဆိုက်ဘာလုံခြုံရေး ဥပဒေ၊ ဆိုက်ဘာမှုခင်းဆိုင်ရာ တားဆီးနှိမ်နင်းရေးဥပဒေ၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေနှင့် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်ဒေတာစီးဆင်းမှုလုံခြုံရေး မူဝါဒများကဲ့သို့သော ဥပဒေ၊ မူဘောင်များထုတ်ပြန်ချမှတ်ဆောင်ရွက်နေသည့်အခြေအနေများ၊ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဒီဂျစ်တယ်စနစ်များကို အမျိုးသားဒေတာစင်တာစနစ်တစ်ခု ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ဆိုက်ဘာလုံခြုံရေး စောင့်ကြည့်ကွပ်ကဲရေး ဗဟိုဌာနဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဆိုက်ဘာဝန်းကျင်တစ်ခုကို အတူတကွတည်ဆောက်နိုင်ရန် လိုအပ်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

✪ **ယာယီနေရပ်စွန့်ခွာမှ**

ထို့ပြင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့များက ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ နေရပ်များတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များကိုလည်း ပြန်လည်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နေရပ်များသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့များနှင့် နေရပ်ပြန် ဒေသခံပြည်သူများပါဝင်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဟားခါးမြို့မှ ထွက်ခွာလာပြီး မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက် အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ခေတ္တရှောင်တိမ်းနေထိုင်ခဲ့ကြသည့် နေရပ်စွန့်ခွာ ဒေသခံပြည်သူများ မိမိတို့အရပ်ဒေသများသို့ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့သည့် လူနေအိမ်များ၊ ဌာနဆိုင်ရာ ရုံး၊ အဆောက်အအုံများအား ပြန်လည်ပြုပြင်ပေးခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းကာ လိုအပ်သည်များကိုဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာခဲ့ကြသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ရစဉ်။

သတင်းစဉ်

❍ **လေဖိအားနည်းရပ်ဝန်းမှ**

ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

❒ **စစ်ကိုင်းတိုင်းဒေသကြီးမှ**

ဆောင်ရွက်ရာ၌ အောက်တိုဘာ ၁၅ ရက်အထိ ၁၇၄၃၃၄၅ ဧကစိုက်ပျိုးထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်၌ ရွှေဘိုပေါ်ဆန်း ၃၃၆၀၉၂ ဧကနှင့် ရေဆင်းပေါ်ဆန်း(၁) ဧက ၅၀ စိုက်ပျိုးခဲ့ပြီး ရွှေဘိုပေါ်ဆန်း တစ်ဧကလျှင် ၈၁ ဒသမ ၅၈ တင်း၊ ရေဆင်းပေါ်ဆန်း (၁) တစ်ဧကလျှင် ၁၁၃ ဒသမ ၁၀ တင်း ထွက်ရှိခဲ့သည်။

ပြီးခဲ့သည့် နွေစပါးရာသီ၌ ရေဆင်းပေါ်ဆန်း(၁)ကို ခင်ဦးမြို့နယ်တွင် ၁၀ ဧကစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၁၀၀ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ပြီး လာမည့် နွေစပါးရာသီ၌ ၁၈၇၆၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ရေဆင်းပေါ်ဆန်း(၁) ၁၇၉၄ ဧက စိုက်ပျိုးရန် ဆောင်ရွက်ထားသည်။

"မြန်မာ့ပေါ်ဆန်း နိုင်ငံတကာမှာ အကောင်းဆုံးဆု ဆွတ်ခူးရရှိခဲ့တာဟာ နိုင်ငံနဲ့လူမျိုးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ။ အဲဒီအောင်မြင်မှုဟာ ကမ္ဘာ့အလယ်မှာ မြန်မာ့ဆန်စပါးအရည်အသွေးကိုပြသနိုင်ခဲ့တဲ့တောင်သူတွေရဲ့ ကြိုးပမ်းအားထုတ်မှု ရလဒ်တစ်ခုဖြစ်ပြီး လက်တွေ့စိုက်ပျိုးထုတ်လုပ်ခဲ့ကြတဲ့ တောင်သူဦးကြီးတွေရဲ့ အပင်ပန်းခံမှု၊ မျိုးဆက်အလိုက် လက်ဆင့်ကမ်းလာခဲ့တဲ့ စိုက်ပျိုးရေးအသိပညာနဲ့ ကျွမ်းကျင်မှုတို့ကြောင့် အနံ့အရသာနဲ့ ပြည့်စုံတဲ့ ပေါ်ဆန်းမွှေးဆန်ကို ကမ္ဘာ့နိုင်ငံတွေရဲ့ ထမင်းစားပွဲပေါ်ကို အရောက်ပို့ဆောင်ပေးနိုင်ခဲ့မှုအပေါ် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းနှင့် ရေဆင်းပေါ်ဆန်း(၁)ကို ကလေးခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင်၊ ကောလင်းခရိုင်နှင့် စစ်ကိုင်းခရိုင်တို့ရှိ မြို့နယ်ပေါင်း ၁၁ ခုတွင် စိုက်ပျိုးထားပြီး ရေဦး မိုးဦးပေါ်ဆန်းစပါးခင်းအချို့ စတင်ရိတ်သိမ်းနေကြောင်း သိရသည်။

သတင်း - ဥသဿ၊ ဓာတ်ပုံ - ကိုကိုလွင်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၆၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၂၅ ဦး တက်ရောက်သဖြင့် ၇၉ ဒသမ ၅၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေ အနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတလျာ ကိုချန်နီဗာ၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ မိမိဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း ဆောင်ရွက်မှုများနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းတာဝန်များကို ပိုမိုတိကျစွာ ထင်ဟပ်ဖော်ပြနိုင်စေရန်၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဝေါဟာရအသုံးအနှုန်းများအကြား ညီညွတ်မှုရှိစေရန်၊ မြန်မာစာ၊ သဒ္ဒါ နိုင်ငံတကာ အသုံးအနှုန်းတို့အရ အဓိပ္ပာယ်ရှင်းလင်းတိကျစေရန်နှင့် အစိုးရဌာနများ၊ ပြည်သူလူထု၊ ပုဂ္ဂလိက ကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" အား "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှုစရိတ်လျှော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေခဲ့ဖြစ်ပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံး အသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍

လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် လယ်ယာကဏ္ဍ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဓိကသွင်းအားစုများ၏ ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် ကုန်စည်ဈေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ (၁)လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပလက်ဝ-ဇိုရမ်ပူရ်(၂)လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပလက်ဝ-ဇိုရမ်ပူရ်(၂) လမ်းသွားလမ်း ဖောက်လုပ်ခြင်းစီမံကိန်းသည် ချင်းပြည်နယ် ပလက်ဝမြို့မှစတင်၍ မြန်မာ-အိန္ဒိယနယ်စပ် ဇိုရမ်ပူရ်အထိဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၀၉ ဒသမ ၂၀ ကီလိုမီတာ (၆၇ ဒသမ ၈၆ မိုင်)ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံး ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းအား ၂၀၁၇ ခုနှစ် မေ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရန်အတွက် ၂၀၁၈ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ကန်ထရိုက်တာဖြစ်သော C & C Construction Co., Ltd. ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အမည်ဖြင့် စက်/ယာဉ်/ယန္တရားများအား ပြန်လျှော့အကောက်ခွန်စနစ်(Drawback)ဖြင့် တင်သွင်းခဲ့ပါကြောင်း။

စီမံကိန်းအတွက် တင်သွင်းခဲ့သော စက်/ယာဉ်/ယန္တရားများအနက် မော်တော်ယာဉ်(၅)စီးသည် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် "၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ဇယားအမှတ်စဉ် (၁၃)အရ" အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ-ဇိုရမ်ပူရ် (၂)လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအား ပြည်တွင်းသုံးစွဲမှုစနစ်(Home Consumption)အဖြစ် ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် "၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇" ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ-ဇိုရမ်ပူရ်(၂) လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်(၅)စီးကို လက်ရှိအခြေအနေအရ ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်သဖြင့် မူလတင်သွင်းစဉ်က မကျသင့်ခဲ့သည့် အထူးကုန်စည်ခွန်များကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့သော်လည်း အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံက အထောက်အပံ့အဖြစ် ပေးအပ်သည့်စီမံကိန်းဖြစ်ခြင်း၊ မော်တော်ယာဉ်များကို ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းမပြုတော့ဘဲ ပြည်တွင်းသုံးစနစ်သို့ ပြောင်းလဲအသုံးပြုမည်ဖြစ်ခြင်းတို့ကြောင့် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၁၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်၊ ပြည်တွင်းကုန်ကြမ်းရရှိနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကဏ္ဍအလိုက် စာရင်းကောက်ယူစိစစ်ပြီး ပြည်တွင်းကုန်ကြမ်းထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းများအကြား ချိတ်ဆက်ပေးခြင်း၊ ကုန်ကြမ်းပေးသွင်းမှု ကွင်းဆက်ဖွံ့ဖြိုးလာစေရန်ပံ့ပိုးခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငွေကြေးရရှိရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းလည်ပတ်ငွေ၊ စက်ပစ္စည်းဝယ်ယူငွေနှင့် ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်များကို စိစစ်ပြီး ဘဏ်များနှင့် သက်ဆိုင်ရာငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို လက်လှမ်းမီစေရန် လမ်းညွှန်ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ချေးငွေထုတ်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့မှာ သက်ဆိုင်ရာ ဘဏ်နှင့် ရန်ပုံငွေစည်းမျဉ်းများအပေါ်၌ မူတည်မည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုဇုန်နှင့် MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအလိုက် စုစည်းတင်ပြပြီး လျှပ်စစ်ဓာတ်အားရရှိမှုတိုးတက်စေရေး၊ စွမ်းအင်သုံးစွဲမှု ထိရောက်စေရေးနှင့် လုပ်ငန်းလည်ပတ်မှု ထိခိုက်မှု လျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်ဒီဇိုင်းတီထွင်မှုနှင့် အခြားဉာဏပစ္စည်း မူပိုင်ခွင့်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ကာကွယ်နိုင်ရေးအတွက် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလမ်းညွှန်ပေးခြင်းနှင့် သက်ဆိုင်ရာ မူပိုင်ခွင့်ဌာနများ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အငယ်စား၊ အလတ်စား(MSME)စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ပြီး လုပ်ငန်းလည်ပတ်ရန် လိုအပ်ချက်များ၊ နည်းပညာဆိုင်ရာ ကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကြည်လင်းထက်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံ၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အခြေခံကဏ္ဍဖြစ်ပြီး လယ်ယာကဏ္ဍတွင် Primary Commodity ဟုခေါ်သည့် အခြေခံကုန်စည်များ ပါဝင်သည့်အတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်လာပါက လယ်ယာကဏ္ဍ တိုးတက်သကဲ့သို့ စက်မှုကဏ္ဍတွင်လည်း တိုးတက်လေ့ရှိပါကြောင်း၊ GDP တွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ပါဝင်မှုများ လျော့နည်းခြင်း၊ မြင့်တက်ခြင်းတွင် အဆိုပါကဏ္ဍများ၏ တိုးတက်မှုလျော့နည်းခြင်း မဟုတ်ဘဲ ကဏ္ဍ၏ ပါဝင်မှုပြောင်းလဲခြင်း၊ တစ်နည်းအားဖြင့် စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲခြင်းသာ ဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍ ၃ ခုအနက် ကဏ္ဍတစ်ခုခုမှ တိုးတက်မှုနှုန်း လျော့နည်းမှုသာ အဆိုပါကဏ္ဍ၏ GDP လျော့နည်းမည်ဖြစ်ပါကြောင်း၊ ကဏ္ဍကြီးများ၏ ပါဝင်မှုလျော့နည်းခြင်းကြောင့် Aggregate Expenditure တွင် ဖော်ပြသကဲ့သို့ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုကျဆင်းခြင်းမဟုတ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီးပွားရေးဆိုင်ရာများအပြင် လူမှုရေးဆိုင်ရာများ ထည့်သွင်းဖော်ပြနိုင်ရေးနှင့်စပ်လျဉ်းပြီး ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ စာမျက်နှာ (၁၇၊ ၁၈)တွင် လူမှုရေးဆိုင်ရာ အချက်အလက်များကို ထည့်သွင်းထားရှိပြီးဖြစ်ပါကြောင်း၊ လူမှုရေးဆိုင်ရာ အချက်အလက်အများစုပါဝင်သည့် SDG Indicator Report ကို နှစ်စဉ် Update ပြုလုပ်ထားပြီး အဆိုပါ SDG အစီရင်ခံစာတွင် လူမှုရေးဆိုင်ရာ အချက်အလက်များပါရှိပြီး ဖြစ်သည့်အတွက် လူမှုရေးဆိုင်ရာ အချက်အလက်များကို အဆိုပါအစီရင်ခံစာတွင် ရရှိနိုင်ပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိနိုင်ကီမန်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း ဒေသအလိုက် အားသာချက်နှင့် အလားအလာရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖော်ထုတ်၍ ဦးစားပေးစီမံကိန်းများ ချမှတ်သင့်ကြောင်းနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးကာကွယ်စောင့်ရှောက်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီးပံ့ပိုးပေးခြင်း၊ မျိုးရရှိရေး စီမံဆောင်ရွက်ပေးခြင်း၊ သင်တန်းပေးခြင်း၊ ဒေသစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပိုးချည်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်မှ လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ ဌာနပိုင် ပိုးစာခြံများမှ တောင်သူများအား နည်းပညာပေးခြင်းနှင့် ပိုးထွက်ထုတ်ကုန်များ ဈေးကွက်ရောင်းချနိုင်သည်အထိ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ လက်ရှိတွင် ဌာနဆိုင်ရာ အသီးသီး၌ ဌာနတွင်းစာရင်းစစ်အဖွဲ့ကို သီးခြားဖွဲ့စည်းပြီး လွတ်လပ်စွာဖွဲ့စည်းစစ်ဆေးခြင်း၊ ဝန်ကြီးဌာနအတွင်း ဦးစီးဌာနအချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက မြေပြင်ကွင်းဆင်း စစ်ဆေးပြီး စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို (၃)လပတ်အလိုက် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်း Real Time Audit စနစ်ဖြင့် စစ်ဆေးလျက်ရှိခြင်း စသည့် Check၊ Recheck၊ Counter Check ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသဖြင့် လမ်းစဉ်ပါတီခေတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကဲ့သို့ သီးခြားအဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် မလိုအပ်ပါကြောင်း၊ စာရင်းများစုစည်းရာ၌ အထက်အောက် ဘေးတိုက်စုစည်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနများမှ ကောက်ခံထားသည့် စစ်တမ်း(Survey)များ၊ လေ့လာမှု(Case Study)များကို အခြေခံ၍ ကိန်းဂဏန်းစုစည်းမှုများ ရယူလျက်ရှိပါကြောင်း။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်(Public Transportation)ကို နိုင်ငံတော်၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသော ဌာနဖြစ်ပြီး နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုနိုင်စေရန် အခြားသော ပုဂ္ဂလိကရေယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးအမြတ်ရရှိမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ပြည်သူများ၏ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ စရိတ်စက သက်သာစေရေးတို့အတွက် အဓိကရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနအနေဖြင့် လျာထားဝင်ငွေပြည့်မီစေရေးအတွက် ဌာနပိုင်သင်္ဘောကျင်းများတွင် ပုဂ္ဂလိကရေယာဉ်များကို အသစ်တည်ဆောက်ပေးခြင်း၊ လွန်းတင်ပြင်ဆင်ပေးခြင်းဖြင့် ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ခြင်း၊ ဌာနပိုင်ဇက်ရေယာဉ်တစ်စင်းအား ၂၀၂၅ ခုနှစ်စက်တင်ဘာလမှစတင်ကာ Public Private Partnership – PPP ၏ နည်းလမ်းတစ်ခုဖြစ်သည့် Renovate Operate Transfer – ROT နည်းလမ်းဖြင့် အကျိုးတူပူးပေါင်း၍ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်အဖြစ် အကြီးစားပြုပြင်ပြီး ဝင်ငွေရှာဖွေပေးနိုင်ခဲ့ခြင်းတို့ကြောင့် သတ်မှတ်ပေးထားသော ဝင်ငွေရှာဖွေရမည့် ပမာဏထက် ပြည့်မီကျော်လွန်အောင် ရှာဖွေပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation) ဖြစ်သည့်အတွက် နိုင်ငံတကာတွင် အစိုးရမှ အရှုံးခံပြေးဆွဲပေးနေသော လုပ်ငန်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၇၀၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၃၂၆ ဒသမ ၉၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးလျှော့ချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်မှ အရှုံးသက်သာစေရေး နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီမံကိန်းများရေးဆွဲရာတွင် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏ လိုလားချက်၊ အမှန်တကယ်လိုအပ်ချက်နှင့် ရေရှည်လူမှုစီးပွားအကျိုးရရှိမှုတို့အပေါ် အခြေပြု၍ ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမှန်လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ်၌ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၂၆)ပါ အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကိုအလေးထားပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်လာစေရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၂၆)ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၂/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်** စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အစီရင်ခံစာ အပိုဒ် ၁၆(ဃ) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းများအနေဖြင့် အဆောက်အဦ၊ ဆိုင်ခန်း၊ မြေငှားရမ်းခနှုန်းထားများ ခေတ်နှင့်အညီဖြစ်စေရန် စာချုပ်စာတမ်းများအား ပြန်လည်သုံးသပ်ပြီး နှုန်းထားများ ကာလပေါက်ဈေးနှင့်အညီ တိုးမြှင့်လာပါက နိုင်ငံတော်၏ ဝင်ငွေတိုးမြှင့်လာနိုင်သည်သာမက ယင်းတန်ဖိုးများအပေါ်တွင် တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များကို ဥပဒေနှင့်အညီ တိုးတက်ကောက်ခံရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အခွန်နှုန်းထားတိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေကျယ်ပြန့်၍ အခွန်အခများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသဖြင့် သုံးသပ်ချက်များအပေါ် ထောက်ခံပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၆(ဃ)နှင့် အပိုဒ် ၁၇ (ဌ) စပ်လျဉ်း၍ ပြည်ပနိုင်ငံများရှိ လုပ်ငန်းများမှ ကောက်ခံရရှိသည့် နိုင်ငံခြားငွေများဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဗီဇာခရငွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုမှုရငွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဝင်ငွေခွန်ရငွေနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံကူးလက်မှတ်ခရငွေတို့ကို ပြည်ပရှိသံရုံးများ၏ ယာယီငွေစာရင်းတွင် ထည့်သွင်းထားပါကြောင်း၊ ယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့် ငွေများအား ပြန်လည်လွှဲမပို့မီ ဌာန၊ အဖွဲ့အစည်းများ၏ နိုင်ငံခြားငွေဖြင့် ပေးချေရမည့် အချို့အသုံးစရိတ်များအား အဆိုပါယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့်ငွေမှ ကျခံသုံးစွဲရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းခံလာပါက စိစစ်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယာယီငွေစာရင်းမှ ကျခံသုံးစွဲမည့်အသုံးစရိတ်အား တစ်ဖက်အဖွဲ့အစည်းသို့ လွှဲပြောင်းပေးချေပြီးပါက ယင်းနိုင်ငံခြားငွေနှင့်ညီမျှသော မြန်မာကျပ်ငွေအား သက်ဆိုင်ရာ ဝင်ငွေရရှိသည့်ဌာန၏ ငွေစာရင်းသို့ ပေးသွင်းရပါကြောင်း၊ ဝင်ငွေရရှိသည့် ဌာနများအနေဖြင့် အဆိုပါပေးသွင်းလာသည့် ငွေများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ရငွေစာရင်းတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(က)နှင့်စပ်လျဉ်း၍ ရငွေ၊ သုံးငွေများ စိစစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲနိုင်ရေးအတွက် ဘတ်ဂျက်အမှာစာနှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို နှစ်စဉ်ထုတ်ပြန်ပြီး အဆိုပါညွှန်ကြားချက်များနှင့်အညီ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ခ)နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် (ယာယီအမှန်စာရင်း)တွင် ကုန်သွယ်မှုစာရင်းအရ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းပေါင်း(၃၀)ခု (မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါ) ရှိသည့်အနက် အမြတ်ပေါ်သည့် အဖွဲ့အစည်း(၂၃)ခု၊ အရှုံးပေါ်သည့်အဖွဲ့အစည်း(၇)ခု ရှိပါကြောင်း၊ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် မိုခိုအားထားရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသဖြင့် အရှုံးလျှော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်မှုရှိလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အရှုံးဖြစ်ပေါ်ရခြင်းမှာ နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှုမရှိခြင်း၊ သစ်ထုတ်လုပ်မှုများ ကျဆင်းခဲ့၍ ဝင်ငွေကျဆင်းခဲ့ခြင်း၊ သစ်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာခြင်းနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုရငွေသည် ဆောင်ရွက်မှုကုန်ကျစရိတ်ကိုပင် ကာမိနိုင်မှုမရှိခြင်းတို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက အရှုံးလျှော့နည်း၍ အမြတ်ပေါ်ပေါက်စေရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် အရှုံးဖြစ်ပေါ်နေသည့် အဖွဲ့အစည်း(၃)ခု၏ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူဆောင်ရွက်ရန် ဖိတ်ခေါ်ထားခြင်းများ ဆောင်ရွက်၍ အရှုံးဖြစ်ပေါ်နေမှုကို သက်သာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဂ)နှင့်စပ်လျဉ်း၍ ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတင်ပြချိန်တွင် ကြွေးမြီနှင့် GDP အချိုးတွက်ချက်နိုင်ရန် ကြွေးမြီလက်ကျန်အား ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဃ)နှင့် အပိုဒ် ၁၇ (င) တို့နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေများသည် BE ၏ ၁၀ ရာခိုင်နှုန်းအထက် တောင်းခံရခြင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများ၊ လမ်း/တံတားနှင့်ကျောင်း၊ အဆောက်အဦများပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် သုံးစွဲရခြင်းကြောင့် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (စ)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်ခြင်းကြောင့် ထပ်မံလိုအပ်သော အသုံးစရိတ်များကို မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ လွှဲပြောင်းသုံးစွဲခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး မဖြစ်မနေ လိုအပ်မှသာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများသို့ နှစ်စဉ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့်အမှာစာတွင် တစ်ပါတည်း ထည့်သွင်းအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ရာတွင်လည်း ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အဆိုပါညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဆ)နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အခွန်ရငွေတွင် အများဆုံးပါဝင်လျက်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ရငွေများ တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်နှုန်းကို မတိုးမြှင့်ဘဲ အခွန်အခြေနှင့် အခွန်နယ်ပယ် (Tax Base)ကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိသည့်သူအားလုံးက မိမိတို့ကိုယ်တိုင်အခွန်တွက်ချက်ပေးဆောင်စေနိုင်သည့်(Self Assessment System–SAS) ကိုယ်တိုင်စည်းကြပ်သည့် အခွန်စနစ်ကို ကျင့်သုံးသည့်ရုံးများ တိုးချဲ့အသုံးပြုနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစနစ်ကို မြို့နယ်ရုံးများအထိ ကျင့်သုံးနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခွန်အသိပညာပေးခြင်းလုပ်ငန်း (Tax Awareness Campaign) များကို ရက်(၁၀၀) ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်(၆)ခုတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး ပညာပေးလုပ်ငန်းများကို နှစ်အလိုက် အစီအစဉ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဇ)နှင့် အပိုဒ် ၁၇ (ဈ) တို့နှင့်စပ်လျဉ်း၍ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုက်နာရမည့် ညွှန်ကြားချက်၌ နှစ်အတွင်း အမှန်တကယ်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏကိုသာ လျာထားဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များကို အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းတို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ည)နှင့်စပ်လျဉ်း၍ "၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း (Budgetary Assumption Rate)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြစ်သော အမေရိကန် တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့်သာ တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းအလိုက် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးရန်နှင့် နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿဆုံးရှုံးခြင်းမဖြစ်ပေါ်စေရန်အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)ကို နိုင်ငံတော်၏မူဝါဒနှင့်အညီ နှစ်စဉ်ပြောင်းလဲပြင်ဆင်ရေးဆွဲလျက်ရှိပြီး ဦးစားပေးကဏ္ဍ၊ ဦးစားပေးအစီအစဉ်များပြောင်းလဲ၍ ရေးဆွဲလျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာသွားရန် လိုအပ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဋ)နှင့်စပ်လျဉ်း၍ ပြည်ပချေးငွေဖြင့် စီမံကိန်း/လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်းအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကာလအတွင်း၌ **စာမျက်နှာ ၆ သို့ ☆**

☆ စာမျက်နှာ ၅ မှ
သက်ဆိုင်ရာ မြို့ရှင် နိုင်ငံ/အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာချေးငွေထုတ်ယူ သုံးစွဲသည့် ဌာန/အဖွဲ့အစည်းများအနေဖြင့် စီမံကိန်း အလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Work Plan) အပေါ်မူတည်၍ ချေးငွေစာချုပ်ပါ ချေးငွေထုတ်ယူမည့် ကာလအတွင်း ချေးငွေထုတ်ယူ သုံးစွဲမည့်အစီအစဉ် (Disbursement Plan) ကို ရေးဆွဲပါကြောင်း၊ ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ ကြီးကြပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ချေးငွေသုံးစွဲသည့် ဌာန/အဖွဲ့အစည်းများက Project Management Unit (PMU) Project Implementation Unit(PIU) တို့ ဖွဲ့စည်းထားရှိဆောင်ရွက်ပါကြောင်း။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ရေးဆွဲသုံးသပ်ခြင်းဖြစ်ပြီး ကဏ္ဍအလိုက် ရေးဆွဲခြင်း မဟုတ်ပါကြောင်းနှင့် အမျိုးသားစီမံကိန်း ရေးဆွဲရာတွင် ကဏ္ဍအလိုက်ရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားမှုနှင့် အမှန်တကယ်သုံးစွဲမှုများကို သုံးသပ်ဖော်ပြခြင်းဖြစ်ပါကြောင်းနှင့် အဆိုပါအစီရင်ခံစာကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခြင်းဖြစ်ပါကြောင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းတွင်လည်း မူလခန့်မှန်းခြေငွေစာရင်းပါ လျာထားငွေများအား ဈေးနှုန်းပြောင်းလဲခြင်း၊ နေရာဒေသအခြေအနေအရ မဆောင်ရွက်နိုင်ခြင်းကြောင့် ပိုငွေဖြစ်ပေါ်ခြင်းကိုသာ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် အရင်းပြန်ဆပ်ငွေကို ကြွေးမြီ အသုံးစရိတ်တွင်လည်းကောင်း အတိုးပေးငွေကို သာမန်အသုံးစရိတ်တွင်လည်းကောင်း သီးခြားထည့်သွင်းဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအမှတ်စဉ်(၂/၂၀၂၆) အပေါ် သဘောထားမှတ်ချက်များနှင့် ဆွေးနွေးချက်များ အပေါ်မှတ်သားထားရှိ၍ ဆက်လက်သုံးသပ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၂/၂၀၂၆) ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေကအဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၂၀)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါကောလိပ် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၆၅ ဦး၊ သိပ္ပံဘွဲ့ ၁၃၂၉ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၀၂၇ ဦး စုစုပေါင်း ၃၂၆၀ ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၀၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၂၄ ဦး၊ မဟာသုတေသနဘွဲ့ ၆၆ ဦး၊ Ph.D ဘွဲ့ ၃၅ ဦး၊ B.E ဘွဲ့ ၅၃၉ ဦး၊ M.E ဘွဲ့ ၄၈ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိကြောင်း သင်တန်းဆင်းပွဲမှ သိရသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ချီးမြှင့်ငွေများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရ ကျောင်းသူတစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများအား ဂုဏ်ပြုအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ဒီဂရီကောလိပ်အတွင်းရှိသက်သာချောင်ချိရေးအရောင်းဆိုင်၊ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်ထပ်ကျောင်းသူအိပ်ဆောင် ဆောက်လုပ်နေမှု၊ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နည်းပညာတက္ကသိုလ်(ဘားအံ)၏ The Project Show and Competition 2026 ပြပွဲ၊ ပြိုင်ပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၃၀

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ The Project Show and Competition 2026 ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(ဘားအံ)၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများက ခင်းကျင်းပြသထားသော နည်းပညာတက္ကသိုလ်(ဘားအံ)၏ မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနနှင့် စက်မှုအင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံး Project ၁၂ခုနှင့် ဒေသအကျိုးပြုအကောင်းဆုံး စာတမ်း ၁၄ စောင်တို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက Project တစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ The Project Show and Competition 2026 ပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နည်းပညာ တက္ကသိုလ်(ဘားအံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းသူလေးများက တန်းတူညီမျှဟု အဓိပ္ပာယ်ရသော ကရင်တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Project Show အတွက် ငွေကျပ်သိန်း ၆၀ ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နည်းပညာတက္ကသိုလ် (ဘားအံ)ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဇော်လတ်က The Project Show and Competition 2026 ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနအလိုက် အကောင်းဆုံး Project တစ်ခုစီ၊ ဒေသအကျိုးပြု အကောင်းဆုံးစာတမ်း တစ်ခုစီ၊ ဌာနလေးခုမှ အကောင်းဆုံး Project တစ်ဆု စုစုပေါင်းဆုကိုးဆုကို ချီးမြှင့်ပေးအပ်ခဲ့ပြီး Project Show ဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့် Precision Auto Engineering Company Limited က ဆုရ Project များအတွက် ငွေကျပ်သိန်း ၂၀ ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်ကလူငယ်ကဏ္ဍ (၁၆)ရပ်အလိုက် ဆပ်ကော်မတီများ၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဆပ်ကော်မတီများက လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထိုသို့ ဆွေးနွေးတင်ပြမှုများအပေါ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ထပ်ဆင့်ဆွေးနွေးတင်ပြခဲ့ပြီး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

၂၀၂၆ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၆ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အခမ်းအနား (Indian Technical & Economic Cooperation (ITEC) Day-2026) ကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာ ချာလီသန်းနှင့် ဦးထွန်းအုံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Abhay Thakur နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဆိုင်ရာ ရုပ်သံမှတ်တမ်းနှင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရုပ်သံမှတ်တမ်း Video Clip တို့ကို ဖွင့်လှစ်ပြသသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံသံအမတ်ကြီးက အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(ITEC)အစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်ဆက်ဆံရေး၏ အဓိကမဏ္ဍိုင်ကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ သင်တန်းသားများ အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ၁၀ နှစ်အတွင်း ITEC မှဖွင့်လှစ်သည့်ကာလတိုသင်တန်း စုစုပေါင်း ၄၀၅၇ ခုသို့ ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါသင်တန်းများသည် အုပ်ချုပ်ရေး၊ ဥပဒေ၊ ခေါင်းဆောင်မှု၊ လုံခြုံရေး၊ ကျန်းမာရေး၊ ဒီဂျစ်တယ်နည်းပညာ၊ အင်္ဂလိပ်စာကျွမ်းကျင်မှု၊ စိုက်ပျိုးရေး၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် အခြားသော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ စသည့်ကဏ္ဍစုံကို လွှမ်းခြုံထားပြီး မြန်မာနိုင်ငံတစ်ဝန်း ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရန် အထောက်အကူပြုလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အပြန်အလှန်လေးစားမှုနှင့် ရေရှည်တည်တံ့သော မိတ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးက အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (ITEC) အစီအစဉ်သည် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်ခဲ့သဖြင့် သက်တမ်း အရှည်ကြာဆုံးနှင့် နိုင်ငံတကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများကို မြန်မာနိုင်ငံသို့ ၁၉၉၆ ခုနှစ်မှ စတင်ပေးအပ်ခဲ့ရာ နယ်ပယ်အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်း လာစေရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း၊ ကာလတို၊ ကာလရှည် သင်တန်းများအပြင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ပေးအပ်လျက်ရှိသည့်အပေါ် အသိအမှတ်ပြုပါကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အောင်မြင်မှုများ ဆက်လက်တည်ရှိနိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် သင်တန်းသားဟောင်းများက ပညာသင်ကြားခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် အိန္ဒိယ ယဉ်ကျေးမှုအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre)က ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre)သည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ် မြို့နယ်၊ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်တို့ရှိ အိမ်ထောင်စုများထံသို့ ၂၈-၁၀-၂၀၂၆ ရက်မှ ၁၀-၁၁-၂၀၂၆ ရက်အထိ လူသားချင်းစာနာမှုအကူအညီများဖြစ်သည့် ဆန်အိတ်များ၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင်လည်း ၁၆-၁၁-၂၀၂၆ ရက်မှ ၃၀-၁၁-၂၀၂၆ ရက်အထိ အကူအညီများ ဖြန့်ဝေသွားမည်ဖြစ်သည်။

အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီများကို အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ ပထမအဆင့် (အသက်ကယ်ဆယ်ရေး)နှင့် ဒုတိယအဆင့်(ဘဝရှင်သန်တည်မြဲရေး)ဟူ၍ အဆင့် ၂ ဆင့်ဖြင့် ပေးအပ်လျက်ရှိသည်။

ပထမအဆင့်အကူအညီများအဖြစ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတို့အတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၆ သန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းမိုခါ (၂၀၂၃) ခုနှစ်နှင့် တိုင်ဖွန်းမုန်တိုင်းရာဂီ (၂၀၂၄ ခုနှစ်)တို့အတွက် အမေရိကန်ဒေါ်လာ ၁.၆ သန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၀.၇၃ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီပစ္စည်းများနှင့် မန္တလေးငလျင် ကူညီကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁.၄ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုအကူအညီများကို သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့် အကူအညီပေးအပ်မှုကို ၂၀၂၃ ခုနှစ်၊ မေလမှစတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၈.၀၄ သန်းခန့်တန်ဖိုးရှိ အစားအစာ၊ အစားအစာမဟုတ်သည့်အကူအညီများ၊ မိသားစုသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်မှုတန်ဖိုးမှာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၂၇.၄ သန်းခန့်ရှိပြီဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် AHA Centre အမှုဆောင်ဒါရိုက်တာ ဦးဆောင်ပြီး ရန်ကုန်မြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team-AMT) အား AHA Centre ၏ လူသားချင်းစာနာမှုအကူအညီဖြန့်ဝေပေးအပ်မှုများကို လက်တွေ့လေ့လာကြည့်ရှုနိုင်ရန်အတွက် ခွင့်ပြုပေးလျက်ရှိသည်။ အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ လက်တွေ့လေ့လာကြည့်ရှုမှု (၁၇)ကြိမ်၊ အဝေးရောက်လေ့လာကြည့်ရှုမှု (၁)ကြိမ်၊ စုစုပေါင်း (၁၈)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre)သည် အာဆီယံဒေသအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် အာဆီယံနိုင်ငံများအကြားနှင့် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ တည်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်၏ အချက် (၄)ဖြစ်သည့် အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်သည့် လုပ်ငန်းစဉ်များတွင် AHA Centre နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

✲ M-League II မှ

ပထမဆုံး ရမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း VUE နေပြည်တော်အသင်းဂိုးသမားဖြစ်သူ မြန်မာ့လက်ရွေးစင်ဟောင်း မျိုးမင်းလတ် လက်စွမ်းပြခဲ့သဖြင့် သုံးပွဲဆက် အရှုံးရလဒ်နှင့် ရင်ဆိုင်ခဲ့ရသည်။ VUE နေပြည်တော်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၄၃ မိနစ်တွင် ခွန်ရဲဇော်က သွင်းယူခဲ့သည်။

ယခုပွဲအတွက် AYA Pay Player of the Match ဆုကို VUE နေပြည်တော်အသင်း ဂိုးသမား မျိုးမင်းလတ်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ်(၃)တတိယနေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ Enjoy Brother အသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ရှိုင်ရယ်ဒဂုံအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-M League

ပြည်ပနိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှတစ်ဆင့် မှန်ကန်စွာဝင်ရောက်နိုင်ရေးအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ပနိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် မှန်ကန်စွာဝင်ရောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ Authorized Dealer-AD လိုင်စင်ရပုဂ္ဂလိကဘဏ်များ၊ Remittance Business License-RBL လိုင်စင်ရငွေလွှဲလုပ်ငန်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ပရောက် မြန်မာအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ လွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ မှန်ကန်စွာဝင်ရောက်နိုင်မည့် စနစ်တစ်ခုတည်ဆောက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်သားများ၏မိသားစုလွှဲပို့ငွေများကို မိမိဆန္ဒအလျောက် တရားဝင်ဘဏ်လမ်းကြောင်းများမှတစ်ဆင့် စနစ်တကျလွှဲပို့နိုင်ရေး အခြားနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI)ထုတ်ပေးရေးစခန်းငါးခုကို အောက်တိုဘာ ၁၄ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး CI စာအုပ်လာရောက်လျှောက်ထားသည့်အလုပ်သမားများ၏ အနည်းဆုံးဝင်ငွေခွန် တစ်နှစ်စာနှင့် မိသားစုလွှဲပို့ငွေ သုံးလစာလွှဲပို့ထားသည့် အထောက်အထားများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ CI လာရောက်ပြုလုပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို True Money၊ 2C2P Wave၊ K+Bank၊ Karsikorn Bank၊ Dee Money အစရှိသည့် ငွေလွှဲလုပ်ငန်းများမှ လွှဲပို့ထားသည်ကို တွေ့ရှိရပြီး ငွေလွှဲအထောက်အထားများကိုမြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့၍ သက်ဆိုင်ရာဌာနမှ ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာ A.D လိုင်စင်ရဘဏ်များနှင့် RBL လိုင်စင်ရငွေလွှဲလုပ်ငန်းများအနေဖြင့် မိမိတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်ပငွေလွှဲလုပ်ငန်းများအပေါ် အမျိုးသားအကျိုးစီးပွားအဖြစ် အလေးထား၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ မိသားစုလွှဲပို့ငွေများကို တရားဝင်ဘဏ်စနစ်များမှတစ်ဆင့် ပြန်လည်လွှဲပို့ပေးနိုင်ရေးအတွက် အကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံတော်အတွက် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်သည့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်၊ ပြည်ပရောက်မြန်မာရွှေ့ပြောင်းလုပ်သားများကို ကူညီစောင့်ရှောက်ရေးနှင့် မိသားစုလွှဲပို့ငွေများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် စနစ်တကျဝင်ရောက်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု တွေ့ရှိသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

မန္တလေး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန် စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု တွေ့ရှိသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဆွေးနွေးကြသည်။

စီမံဆောင်ရွက်

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများနှင့် မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးမှုများအပေါ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့အား အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရည်မှန်းထားသည့်အတိုင်း ရေခံမြေခံနှင့် အခြေခံကောင်းများကို ကောင်းမွန်စွာအသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်း MSME လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်ပိုမိုအားကောင်းလာစေရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများအပေါ် တင်ပြလာသည့်အမှုတွဲများ၏အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်အပါအဝင် မြို့နယ်ခြောက်ခုမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်

လွိုင်ကော် အောက်တိုဘာ ၂၀

ကယားပြည်နယ် အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီ နေရပ်စွန့်ခွာခဲ့ရသည့် လွိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် မော်ချီးဒေသတို့မှ ယာယီ နေရပ်စွန့်ခွာပြည်သူများအတွက် ဆန်၊ ဆီထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေရပ်စွန့်ခွာပြည်သူစုစုပေါင်း ၆၆၁၈ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ဆန်အိတ် ၅၆၀ နှင့် ဆီ ၁၁၂၁ ပိဿာ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က ပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် မိမိတို့၏နေအိမ်များမှ ယာယီနေရပ်စွန့်ခွာလာခဲ့ကြရသည့် ပြည်သူများ လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် အထောက်အကူပြုနိုင်ရန်၊ ပြည်သူများအတွက် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်နှင့် လိုအပ်ချက်များကို သိရှိပြီး အစိုးရတစ်ရပ်အနေနှင့် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများစနစ်တကျ နေထိုင်နိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေး စသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏မူလအသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအားလုံးက လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့မှ ပြည်သူများအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့ပြင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့ ရှာတန်းရှည်ရပ်ကွက်၊ ပန်ကန်းကျေးရွာ၊ ဘုရားနီကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် မော်ချီးဒေသတို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသည့် နေရပ်စွန့်ခွာပြည်သူများက လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အချက်များတင်ပြမှုများအပေါ် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

Smart City ထက် တစ်ဆင့်မြင့်လာသော Intelligent City

ကမ္ဘာ့လူဦးရေ တစ်ဟုန်ထိုး တိုးတက်လာခြင်းနှင့်အတူ မြို့ပြအသွင်ပြောင်းလဲမှုသည် နိုင်ငံတိုင်းတွင် မလွှဲမရှောင်သာ ရင်ဆိုင်နေရသော ဖြစ်စဉ်တစ်ခုဖြစ်လာသည်။ မြို့ပြများကြီးထွားလာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှု၊ သဘာဝဘေးအန္တရာယ်၊ အမှိုက်စီမံခန့်ခွဲမှု၊ စွမ်းအင်လိုအပ်ချက်နှင့် ပြည်သူ့ကျန်းမာရေး စသည့်စိန်ခေါ်မှုပေါင်းများစွာကိုဖြေရှင်းရန် လိုအပ်လာသည်။

ဝေဖြိုးအောင်

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ကြီးများတွင် အဆိုပါစိန်ခေါ်မှုများ ပိုမိုကြီးမားလာပြီး ရိုးရာစီမံခန့်ခွဲမှုပုံစံများဖြင့် ကိုင်တွယ်ဖြေရှင်းရန် မဖြစ်နိုင်တော့သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် မြို့ပြစီမံခန့်ခွဲသူများ၊ မူဝါဒချမှတ်သူများနှင့် အုပ်ချုပ်ရေးယန္တရားများအနေဖြင့် နည်းပညာကိုအခြေခံသည့် ဖြေရှင်းနည်းများကို ရှာဖွေလာကြရသည်။ ဤပြဿနာများကိုဖြေရှင်းရန် နည်းပညာကိုအခြေခံသည့် စမတ်စီးတီးအယူအဆများ ပေါ်ထွက်လာခဲ့သည်။

လန်ဒန်မြို့၌ Ultra Low Emission Zone(ULEZ) ကဲ့သို့သောစီမံကိန်းများကို ကင်မရာပေါင်းများစွာနှင့် AI ပေါင်းစပ်ကာ တိကျစွာအကောင်အထည်ဖော်နိုင်သည်။

Smart City ၏ အဓိကရည်ရွယ်ချက်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကိုအသုံးပြု၍ မြို့ပြ၏သယံဇာတများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲရန်နှင့် ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်သည်။ သို့သော်လည်း ယနေ့ခေတ်တွင် နည်းပညာများ၊ အထူးသဖြင့် ဉာဏ်ရည်တုနှင့် အဆင့်မြင့်ဒေတာခွဲခြမ်းစိတ်ဖြာမှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာသောအခါ Smart City ဟူသောအဆင့်မှ နောက်တစ်ဆင့်ဖြစ်သည့် "Intelligent City" (ဉာဏ်ရည်ပြည့်ဝသောမြို့ပြ) အဆင့်သို့ ကူးပြောင်းရန် လိုအပ်လာပြီဖြစ်သည်။ အချက်အလက်များကို စုဆောင်းရုံသက်သက်မဟုတ်ဘဲ ထိုအချက်အလက်များအပေါ်အခြေခံ၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိသော မြို့ပြစနစ်တစ်ခုကို တည်ဆောက်ရန် ကမ္ဘာတစ်ဝန်းရှိ အဆင့်မြင့်မြို့ကြီးများက ကြိုးပမ်းလာကြသည်။

ဤဆောင်းပါးတွင် Smart City မှ Intelligent City သို့ ကူးပြောင်းခြင်း၏သဘောတရားများ၊ ကမ္ဘာ့အကောင်းဆုံး Intelligent City များ၏ လက်တွေ့အသုံးချမှုပုံစံများ၊ မြို့ပြအုပ်ချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍများတွင် AI ၏ အခန်းကဏ္ဍတို့အပြင် မြန်မာနိုင်ငံ၏ မြို့ပြစီမံခန့်ခွဲမှုယန္တရားများအတွက် ရယူနိုင်သော သင်ခန်းစာများနှင့် အနာဂတ်အတွက် ပြင်ဆင်ရမည့်မူဝါဒရေးရာ အကြံပြုချက်များကို အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

Smart City ၏ အခြေခံသဘောတရားနှင့် လုပ်ဆောင်ချက်များ

အခြေခံအားဖြင့် Smart City ဆိုသည်မှာ မြို့ပြစီမံခန့်ခွဲမှုနှင့် ပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရန်အတွက် အင်တာနက်ကွန်ရက်၊ အာရုံခံကိရိယာများနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများကို အသုံးပြုပြီး အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းသိရှိနိုင်သောမြို့ဖြစ်သည်။ Smart City တစ်ခု၏ အသက်သွေးကြောမှာ အချက်အလက်များကို ချိတ်ဆက်ပေးသော ဒီဂျစ်တယ်အခြေခံအဆောက်အအုံများပင်ဖြစ်သည်။ မြို့အနှံ့အပြားရှိ လမ်းမီးတိုင်များ၊ ရေမြောင်းများ၊ ယာဉ်ကြောစောင့်ကြည့်ကင်မရာများနှင့် အဆောက်အအုံများတွင် ဆင်ဆာများတပ်ဆင်ထားပြီး ယင်းတို့မှတစ်ဆင့် မြို့၏အခြေအနေကို စက္ကန့်မလပ် စောင့်ကြည့်လေ့လာနိုင်စွမ်းရှိသည်။

ဥပမာအားဖြင့် ယာဉ်ကြောပိတ်ဆို့နေကြောင်းကို အဆိုပါဆင်ဆာများမှတစ်ဆင့် မြို့ပြထိန်းချုပ်ရေးစင်တာရှိ မော်နီတာတွင် အနီရောင်ဖြင့် ပြသပေးနိုင်စွမ်းရှိသည်။ ထို့အတူ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ခြေရှိပါက ရေမှတ်တိုင်းဆင်ဆာများမှတစ်ဆင့် သတိပေးချက်ပေးပို့နိုင်သည်။ သို့သော် ဤစနစ်၏ အားနည်းချက်မှာ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် လူသားများ၏ ပါဝင်ပတ်သက်မှုအပြည့်အဝ လိုအပ်နေခြင်းပင်ဖြစ်သည်။ မော်နီတာတွင် ယာဉ်ကြောပိတ်ဆို့နေကြောင်း ပြသနေသော်လည်း ယာဉ်ထိန်းရဲက မီးပွိုင့်ကို ကိုယ်တိုင်အချိန်ပြောင်းလဲပေးရခြင်း၊ ရေကြီးမည့်အခြေအနေကို သိရှိသော်လည်း တာဝန်ရှိသူများက ရေစုပ်စက်များကို သွားရောက်မောင်းနှင်ရခြင်း စသည့်လူကိုယ်တိုင်ဆောင်ရွက်ရမှုများ ပါဝင်နေဆဲဖြစ်သည်။

ထို့ပြင် ဒီဂျစ်တယ်ဝန်ဆောင်မှုများအပိုင်းတွင်လည်း Smart City သည် e-Government စနစ်များကိုအသုံးပြုကာ အခွန်ပေးဆောင်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ တိုင်ကြားစာပေးပို့ခြင်း စသည်တို့ကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်အောင် စီစဉ်ပေးထားသည်။ သို့သော် အဆိုပါအချက်အလက်များကို အဆင့်မြင့်ခွဲခြမ်းစိတ်ဖြာကာ အနာဂတ်အတွက် ကြိုတင်ခန့်မှန်းနိုင်စွမ်းမရှိသေးပေ။ ဆိုလိုသည်မှာ Smart City သည် ပြဿနာဖြစ်ပေါ်လာပြီးမှသာ သိရှိတုံ့ပြန်နိုင်သော သဘောသဘာဝတွင် အများအားဖြင့် ရှိနေသေးသည်။

Intelligent City သို့ ကူးပြောင်းခြင်းနှင့် အဓိကသွင်ပြင်လက္ခဏာများ

Intelligent City ကမူ ထိုသို့ စုဆောင်းရရှိလာသော အချက်အလက်များကို Data Center ကြီးများထဲတွင် သိုလှောင်ထားရုံမျှဖြင့် ရပ်တန့်မနေပါ။ အချက်အလက်များကို ဦးနှောက်တစ်ခုကဲ့သို့ အဆင့်မြင့်တွက်ချက်မှုစနစ်များ အသုံးပြုကာ ခွဲခြမ်းစိတ်ဖြာသည်။ မြို့တစ်မြို့၏ နေ့စဉ်လည်ပတ်မှုမှ ထွက်ပေါ်လာသော အလွန်များပြားလှသည့် အချက်အလက်ပေါင်းမြောက်မြားစွာကို AI နှင့် Machine Learning (ML) နည်းပညာများဖြင့် စဉ်ဆက်မပြတ် လေ့လာသုံးသပ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အချက်အလက်များအတွင်း ပုန်းကွယ်နေသော ပုံစံခွက်များနှင့် ဆက်စပ်မှုများကို ရှာဖွေဖော်ထုတ်နိုင်ပြီး တန်ဖိုးရှိသော အသိဉာဏ်အဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။

ဉာဏ်ရည်တု (AI) ကိုအသုံးပြု၍ အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသော ပြဿနာများကို ကြိုတင်ခန့်မှန်းရုံသာမက ဘာဆက်လုပ်ရမည်ကိုပါ အလိုအလျောက် ဆုံးဖြတ်တုံ့ပြန်ပေးသည်။ ဥပမာအားဖြင့် မိုးလေဝသအချက်အလက်၊ ရေမြောင်းအတွင်းရှိ ရေအမြင့်၊ မြေဆီလွှာ၏ ရေစုပ်ယူနိုင်စွမ်းနှင့် ဒီရေအတက်အကျတို့ကို တစ်ပြိုင်နက်တည်း တွက်ချက်ကာ နောက် ၇၂ နာရီအတွင်း မည်သည့်လမ်းများ ရေကြီးနိုင်ကြောင်းကို တိကျစွာကြိုတင်ဟောကိန်းထုတ်ပေးခြင်းမျိုးဖြစ်သည်။ ရေကြီးတော့မည်ဟုသိသည်နှင့်တစ်ပြိုင်နက် လူက ခလုတ်သွားနှိပ်ရန်မလိုဘဲ စနစ်က အလိုအလျောက် ရေစုပ်စက်များကို ကြိုတင်မောင်းနှင်ထားခြင်း၊ လိုအပ်ပါက ရေလွှဲပြွန်များကို အလိုအလျောက်ဖွင့်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

ယာဉ်ကြောစီမံခန့်ခွဲမှုတွင်လည်း ယာဉ်ကြောပိတ်ဆို့နေကြောင်းသိသည်နှင့်တစ်ပြိုင်နက် လူက ခလုတ်နှိပ်ပေးရန်မစောင့်ဘဲ မီးစိမ်းပြမည့်အချိန်ကို အလိုအလျောက်တိုးပေးလိုက်ခြင်း၊ ယာဉ်မောင်းများထံသို့ အခြားလမ်းမှသွားရန် ကြိုတင်သတိပေးခြင်းတို့ကို အလိုအလျောက်လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဤအဆင့်သို့ရောက်ရှိရန်အတွက် Edge AI ကဲ့သို့သော နည်းပညာများက များစွာအထောက်အကူပြုပါသည်။ Edge Computing သည် အချက်အလက်များကို Cloud သို့ ပေးပို့တွက်ချက်နေမည့်အစား ဆင်ဆာ သို့မဟုတ် ကင်မရာရှိရာနေရာတွင်ပင် ချက်ချင်းတွက်ချက် ဆုံးဖြတ်ခွင့်ပေးသဖြင့် အချိန်ကြန့်ကြာမှုကို သိသိသာသာလျှော့ချပေးနိုင်ပြီး မြို့ပြ၏ တုံ့ပြန်နိုင်စွမ်းကို အဆပေါင်းများစွာ မြန်ဆန်စေပါသည်။

Smart City နှင့် Intelligent City ကြားရှိ အဓိကကွာခြားချက်များ

Smart City နှင့် Intelligent City ကြားရှိ အဓိက ကွာခြားချက်ကို စကားလုံးတစ်လုံးတည်းဖြင့် ဆိုရလျှင် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းပင်ဖြစ်သည်။ ဤကွာခြားချက်ကို အပိုင်းသုံးပိုင်းဖြင့် ထပ်မံခွဲခြားလေ့လာနိုင်ပါသည်။ ပထမအချက်မှာ သိနိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်းဖြစ်သည်။ Smart City သည် သိနိုင်စွမ်းရှိသောကိရိယာများကို တပ်ဆင်ထားခြင်းဖြစ်ပြီး မြို့၏နေရာအနှံ့တွင် မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို မြင်သာအောင် ပြသပေးသည်။ Intelligent City သည် ထိုကိရိယာများကို အသုံးပြုကာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိသော ဦးနှောက်တစ်ခုကဲ့သို့ စီမံခန့်ခွဲခြင်းဖြစ်သည်။

ဒုတိယအချက်မှာ တုံ့ပြန်မှုပုံစံ (Reactive vs. Proactive/Predictive) ဖြစ်သည်။ Smart City သည် အများအားဖြင့် ပြဿနာတစ်ခု ဖြစ်ပေါ်လာပြီးမှသာ ဖြေရှင်းရန် အချက်ပေးလေ့ရှိသည်။ ဥပမာ- အမှိုက်ပုံးပြည့်သွားမှသာ ပြည့်နေကြောင်း Alert ပြခြင်းဖြစ်သည်။ Intelligent City သည် ပြဿနာမဖြစ်ပေါ်မီကပင် ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိသည်။ လူတို့၏ အမှိုက်စွန့်ပစ်မှုပုံစံကို လေ့လာကာ မည်သည့်နေ့၊ မည်သည့်အချိန်တွင် အမှိုက်ပုံးပြည့်နိုင်ခြေရှိသည်ကို ကြိုတင်တွက်ချက်ပြီး အမှိုက်သိမ်းကားများ၏လမ်းကြောင်းကို အလိုအလျောက် ရေးဆွဲပေးသည်။

တတိယအချက်မှာ စနစ်များကြား ပေါင်းစပ်လုပ်ဆောင်နိုင်စွမ်း (Siloed vs. Integrated) ဖြစ်သည်။ Smart City တွင် ဌာနအသီးသီးမှ တပ်ဆင်ထားသောစနစ်များသည် သီးခြားစီ (Siloes) အလုပ်လုပ်လေ့ရှိသည်။ ယာဉ်ထိန်းရဲဌာန၏ ကင်မရာနှင့် စည်ပင်သာယာရေးဌာန၏ ရေမြောင်းဆင်ဆာတို့သည် အချက်အလက်ဖလှယ်လေ့မရှိပေ။

> ❖ **မြို့တစ်မြို့ကို Intelligent City ဖြစ်လာစေရန် ငွေကြေးအမြောက်အများ အကုန်အကျခံ၍ နည်းပညာနှင့် စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ရုံဖြင့် မအောင်မြင်နိုင်ပါ။ ထိုစနစ်များ ချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် ခိုင်မာတောင့်တင်းသော ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ အထူးလိုအပ်ပါသည်။ ပထမဆုံးအနေဖြင့် မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်ဖြစ်သည့် 5G နည်းပညာလိုအပ်**
>
> ❖ **ဒုတိယအချက်မှာ Data Center များနှင့် Edge Computing နည်းပညာများဖြစ်သည်။ တတိယအချက်မှာ ယုံကြည်စိတ်ချရသော လျှပ်စစ်မီးရရှိရေးဖြစ်**

သို့သော် Intelligent City တွင် မြို့ပြစီမံခန့်ခွဲမှု၊ ပြည်သူ့ကျန်းမာရေး၊ လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍအားလုံးမှ အချက်အလက်များကို Data Lake တစ်ခုတည်းတွင် စုစည်းကာ AI မှ ခြုံငုံသုံးသပ်သည်။ ဥပမာ - မိုးကြီးမည့်အချက်အလက် (မိုးလေဝသ)၊ ရေမြောင်းပိတ်ဆို့နေသည့် အချက်အလက်(စည်ပင်)နှင့် ယာဉ်ကြောကျပ်တည်းမှု (ယာဉ်ထိန်းရဲ)တို့ကို ပေါင်းစပ်တွက်ချက်ကာ အရေးပေါ် လူနာတင်ယာဉ်များအတွက် အမြန်ဆုံးနှင့် အလုံခြုံဆုံးလမ်းကြောင်းကို အလိုအလျောက် ရှာဖွေပေးခြင်းဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး Intelligent City များ၏ လက်တွေ့အသုံးချမှု

Boston Consulting Group (BCG) က ထုတ်ပြန်သော 2026 Intelligent Cities Index တွင် AI နှင့် ဒီဂျစ်တယ်နည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်မှုအပေါ်အခြေခံ၍ ကမ္ဘာ့အကောင်းဆုံး Intelligent City များကို သတ်မှတ်ပေးထားပါသည်။ ထိုစာရင်းတွင် အကောင်းဆုံးအဖြစ် ရပ်တည်နေသည့် ထိပ်တန်းမြို့ကြီးများ၏ လက်တွေ့အသုံးချမှုများကို လေ့လာကြည့်နိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းစီမံကိန်း ပြီးမြောက်အောင်မြင်

နေပြည်တော် အောက်တိုဘာ ၃၀

အိန္ဒိယနိုင်ငံ၏ Small Development Projects–SDP အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်က မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ကာလကြာရှည်စွာ တည်ရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ Small Development Projects – SDP ခေါင်းစဉ်အောက်မှတစ်ဆင့် အကူအညီပေးအပ်ခြင်းသည် ဒေသတွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းအရ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်းများတွင် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ကူညီထောက်ပံ့ပေးခြင်းသည် လက်တွေ့ကျသော ကူညီမှုဖြစ်ပါကြောင်း၊ ကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို အထောက်အကူပြုမည်ဟု မျှော်မှန်းကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အိန္ဒိယနိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လိုအပ်ချက်များနှင့်အညီ ကူညီထောက်ပံ့နိုင်မည့် စီမံကိန်းပုံစံများကို ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်မှုပေးခြင်းသည် ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်သည်အထိ ဆောင်ရွက်ရသည့်အတွက် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူသူများ၏ အကျိုးစီးပွားကို ရှေးရှုသည့်အပြင် အိန္ဒိယနိုင်ငံတွင် ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးကင်းစင်ရေး လှုပ်ရှားမှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယို ပြသကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ထားဝယ် အောက်တိုဘာ ၃၀

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပြည်သူ့ဆေးရုံကြီး (၅)ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ အေးကျော့ကျော့လတ် ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့က ဆေးရုံသို့ လာရောက်ပြသကြသော မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ စမ်းသပ်ကုသပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တစ်ဦးချင်း ပါဝါမျက်မှန် တပ်ဆင်ပေးခြင်း၊ အာဟာရဖြည့်မုန့်နှင့် သောက်ရေသန့်ဘူးများကို ဝေငှပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ငယ်ရွယ်စဉ်ကလေးဘဝကတည်းက အမြင်အာရုံချို့ယွင်းမှုကို စောစီးစွာ သိရှိကုသမှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် “မျက်စိကျန်းမာရေး စစ်ဆေးခြင်းများ” ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မွေးကင်းစကလေးငယ်များအား မျက်စိစစ်ဆေးခြင်း လုပ်ငန်းများကိုလည်း ယခုနှစ်မှစတင်၍ တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ယခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့၏ ဆောင်ပုဒ်သည် “Love Your Eyes – အမြင်အာရုံကောင်းစေဖို့ အသိပညာ မျှဝေလို့ မျက်စိကျန်းမာရေး အလေးပေးစို့” ဖြစ်ကြောင်း၊ မျက်စိကျန်းမာရေးဆိုင်ရာ ဗဟုသုတများနှင့် အတွေ့အကြုံများကို အချင်းချင်း ပြန်လည် မျှဝေပေးခြင်းဖြင့် လူတစ်ဦးချင်းစီတိုင်း မိမိတို့၏ အမြင်အာရုံကို ဦးစားပေးတန်ဖိုးထားတတ်လာပြီး ပုံမှန်မျက်စိစစ်ဆေးခြင်းနှင့် ရောဂါရှာဖွေခြင်းများကို ပြုလုပ်လာကြစေရန်၊ မျက်စိ ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီ ရရှိနိုင်စေရန်အတွက် မိမိတို့အားလုံးက ဝိုင်းဝန်း ပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယ တိုင်းဒေသကြီး ကုသရေးဦးစီးမှူး ဒေါက်တာမျိုးသူဇာက ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် တနင်္သာရီ တိုင်းဒေသကြီးအတွင်း မျက်စိအခမဲ့ ခွဲစိတ်ကုသပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်က ယနေ့ကျင်းပသည့် အခမ်းအနားကို တက်ရောက်လာကြသော အစိုးရဌာန/ အဖွဲ့အစည်းများနှင့် စားသုံးသူကာကွယ်ရေးဥပဒေကို ကျင့်သုံးဆောင်ရွက်နေကြသူများ အားလုံးအနေဖြင့် အဆိုပါ ပြန်လည်ပြင်ဆင်မည့် ပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်ကြမည်ဆိုလျှင် တွေ့ကြုံနိုင်ခြေရှိသော အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများအပေါ် မည်သို့အကျိုးသက်ရောက်နိုင်မည်၊ မည်သည့်အားသာချက်များ ရရှိလာမည်စသည့် ထင်မြင်ယူဆချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်တို့က စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

❖ MFF မှ

ပွဲစဉ် (၁၄) အပြီး ဦးဆောင်နေသည့် Victoria အသင်းသည် ယခုတစ်ပတ်တွင် သရေကျခဲ့သဖြင့် ဒုတိယနေရာမှ နိုင်ပွဲရလာသည့် SGF Youth အသင်းနှင့် ရမှတ်တူသွားခြင်းဖြစ်သည်။ ပွဲစဉ် (၁၅) တွင် TKA Star အသင်းက United City အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Pacific Sun Far အသင်းက Avengers Junior အသင်းကို သုံးဂိုး–တစ်ဂိုး၊ SGF Youth အသင်းက ဘူရှီဒိုအသင်းကို ရှစ်ဂိုး–တစ်ဂိုး၊ Mahar Burma အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ကိုးဂိုး–ငါးဂိုးဖြင့် အနိုင်ရရှိပြီး မာရိန်းအသင်းနှင့် Jullniss အသင်းတို့ သုံးဂိုးစီသရေ၊ Victoria အသင်းနှင့် FFU မင်းမဟော်အသင်းတို့ ခြောက်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၁၅) အပြီးတွင် Victoria နှင့် SGF Youth အသင်းတို့ ၃၈ မှတ်စီ၊ Mahar Burma အသင်းက ၃၁ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Pacific Sun Far အသင်းက ၂၆ မှတ်စီ၊ United City အသင်းက ၂၄ မှတ်၊ Avengers Junior အသင်းက ၂၃ မှတ်၊ Jullniss အသင်းက ၂၁ မှတ်၊ TKA Star အသင်းက ၁၈ မှတ်၊ ဘူရှီဒိုအသင်းက ၁၀ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် မာရိန်းအသင်းက သုံးမှတ်စီ ရရှိထားသည်။ **သတင်း–ရှိုင်းထက်ဇော်**

ဓာတ်ပုံ–MFF

(၁၂)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ (၂၂)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

(၁၂)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများ၊ (၂၂)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိ ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များ အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည် တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးများကို မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက **"အာဆီယံ အစွန့်ရှည်ဖို့ ယဉ်ကျေးမှု အမွေအနှစ်များ ကြံ့ခိုင်အောင် ဆောင်ရွက်စို့"** ဟူသည့် အစည်းအဝေး၏ဆောင်ပုဒ်အတိုင်း အာဆီယံဒေသ တွင်း ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်တည်တံ့ ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များကို ပိုမိုတိုးမြှင့်ဖော်ဆောင်သွားနိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီး များအစည်းအဝေး (AMCA)၏ ဥက္ကဋ္ဌတာဝန်ကို ၂၀၂၆-၂၀၂၇ ခုနှစ်အတွက် တာဝန်ယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်များစုဝေးရာ မန္တလေးမြို့ကိုလည်း "အာဆီယံ ယဉ်ကျေးမှုမြို့တော်" (ASEAN City of Culture) အဖြစ် သတ်မှတ်ထားရှိကြောင်း၊ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ အောက်တွင် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီး များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဧည့်သည်တော် များ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရေး အတွက်ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် များကို ဂုဏ်ယူစွာ ထင်ဟပ်ပြသနိုင်ရေးအတွက် လည်း စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တက်ရောက်လာကြသူများက အာဆီယံယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာ အစည်းအဝေးများ အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်း ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ဆေးသိုလှောင်ရုံ နှစ်ထပ် အဆောက်အအုံတည်ဆောက်

မော်လမြိုင် အောက်တိုဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ ကြီးတွင် ဆေးနှင့် ဆေးပစ္စည်းများ စနစ်တကျ သိုလှောင်ထိန်းသိမ်း နိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆေးသိုလှောင် ရုံနှစ်ထပ် အဆောက်အအုံ တည် ဆောက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ယနေ့ မွန်းလွဲ ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆေး သိုလှောင်ရုံ အမြန်ဆုံးပြီးစီးရေး၊ သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ ခိုင်ခံ့သပ်ရပ်စွာ တည် ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် တာဝန် ထမ်းဆောင်နေသည့် ကျန်းမာရေး ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် အဆောက် အဦဦးစီးဌာန အဆောက်အအုံ အထူးအဖွဲ့ (၁၃) က တည်ဆောက် လျက်ရှိသော အမှုထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အိမ်ရာ တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ မော်လမြိုင်မြို့ ဇေယျာသီရိရဲစခန်းတွင် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် တပ်ဖွဲ့ဝင် လူပျိုဆောင်အသစ် ဆောက်လုပ် ပြီးစီးမှုနှင့် စခန်းဝင်း ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများ ဆောင် ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

စည်သူ(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ဓာတ်အား လိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ပေါင်းလောင်း တိုးချဲ့ဓာတ်အားလိုင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်စဉ် ယာယီဓာတ်အားပြတ် တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ ကွဲအက်ချို့ယွင်းမှုဖြစ်ပေါ်နေသော ကြွေသီးတွဲအစားထိုးလဲလှယ် ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပြီး ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်စဉ် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အချို့မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်သည့်အတွက် ဓာတ်အား ပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင် ရာ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး များမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အား စနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အား လိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲကို အောက်တို ဘာ ၃၀ ရက် နံနက်ပိုင်းက ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်မီးဘေးလုံခြုံရေးဥက္ကဋ္ဌ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဂျွန်စံက သင်တန်း သားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

လှလှထွေး(ပြန်/ဆက်)

ဟင်္သာတမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းပို့ချ

ဟင်္သာတ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်း က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းခြင်းနှင့် မြို့နယ်ဦးစီးမှူးက စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ၊ မြေပြင်တွင် လက်တွေ့ကွင်းဆင်း စာရင်းကောက်ယူရာ၌ လိုက်နာရမည့် နည်းလမ်း များနှင့် အချက်အလက် စေလွှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်း ပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ် အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့တွင် အောင်မြင်စွာ သင်တန်းဆင်းပေးနိုင်ခဲ့သည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီ နယ်မြေ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၌ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၁၂ ဦးတို့အား သင်တန်းကာလ ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့်ရှေးဦးသူနာပြု ဘာသာရပ်များနှင့် စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတ ရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကမ္ဘာအေးစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၈) နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အတွင်းရှိမြို့နယ်များစုပေါင်း၍ ယနေ့ နံနက်ပိုင်းက ကမ္ဘာအေးစေတီတော်ကြီးတွင်စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မရမ်းကုန်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများနှင့် ဂန်ထမ်းများက ကမ္ဘာအေးစေတီတော်ကြီး ရင်ပြင်အနီးရှိ အမှိုက်သရိုက်များကောက်ယူခြင်း၊ ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားပရဝဏ်အတွင်း / အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

သီပေါမြို့နယ်၌ ဆွမ်းကြီးလောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပ

သီပေါ အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတွင် (၁၃၁)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းကြီးလောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲ ရေစက်ချ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ကျောင်းများမှ ပဓာနနာယက ဆရာတော်များအား ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဂေါပက အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျောင်းပေါင်း ၉၂ ကျောင်းမှ ဆရာတော်များအား ပဒေသာပင် ၉၂ ပင်၊ စုစုပေါင်းတန်ဖိုးကျပ် ၄၂၁၄ သိန်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၃၀ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၅၅ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီး ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **၁၀၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အမှတ် (၁) ရပ်ကွက် မြို့မရပ်အတွင်းရှိ လူနေအိမ်များတွင် အောက်တိုဘာ ၃၀ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က မီးဘေးကာကွယ်ရေး စစ်ဆေးစဉ်။

ကောင်းစစ်နိုင်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟု၏ ရာထူးဆက်လက်တည်မြဲရေး ညွန့်ပေါင်းဆွေးနွေးပွဲများအပေါ် မူတည်

ဂျေရုဆလင် အောက်တိုဘာ ၃၀

အစ္စရေးနိုင်ငံ ပါလီမန်ရွေးကောက်ပွဲ မဲရလဒ်များအရ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ဦးဆောင်သည့် အာဏာရအုပ်စုနှင့် အတိုက်အခံအုပ်စုတို့အနက် မည်သည့်အုပ်စုမျှ အများစုအနိုင်ရရှိခြင်း မရှိခဲ့ကြောင်း သိရသည်။

နေတန်ယာဟု ဝန်ကြီးချုပ်ရာထူး ဆက်လက်ရယူနိုင်ခြင်း ရှိ၊ မရှိမှာ လာမည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး ဆွေးနွေးမှုများအပေါ် မူတည်နေသည်။

အစ္စရေးဗဟိုရွေးကောက်ပွဲကော်မတီက ရွေးကောက်ပွဲ၏ မဲရေတွက်မှုရလဒ်များကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ကော်မတီ၏ ထုတ်ပြန်ချက်အရ ပါလီမန်အမတ်နေရာ စုစုပေါင်း ၁၂၀ အနက် နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီက ၂၇ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး တပ်မတော်အရာရှိဟောင်း ဂါဒီ အိုင်ဆင်ကော့ ဦးဆောင်သည့် အတိုက်အခံဗဟိုဝါဒီ ယာရှာပါတီက ၂၁ နေရာဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။

ထို့ပြင် အာဏာရအုပ်စုနှင့် အတိုက်အခံအုပ်စု နှစ်ခုစလုံးတွင် မပါဝင်သည့် အခြားအာရပ်ပါတီနှစ်ခုကလည်း အမတ်နေရာ စုစုပေါင်း ၁၉ နေရာ ရရှိခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီ ရရှိထားသည့် အမတ်နေရာ အရေအတွက်၏ နှစ်ဆနီးပါးအထိ တိုးတက်လာခဲ့သည်။

မဲပေးပိုင်ခွင့်ရှိသူများ၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိသည့် အာရပ်လူမျိုးများအကြား မဲပေးမှုနှုန်း မြင့်တက်လာခြင်းမှာ ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ တင်းမာပြင်းထန်သည့် မူဝါဒများ ချမှတ်ကျင့်သုံးနေသော နေတန်ယာဟုအစိုးရကို ဆန့်ကျင်မှုများကြောင့် ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ကြသည်။

လီကွတ်ပါတီက မဲအများဆုံးရရှိခဲ့သော်လည်း လိုအပ်သည့် အမတ်နေရာအရေအတွက်ကို မရရှိခဲ့ပေ။ လက်ယာအစွန်းရောက်ပါတီများ ပါဝင်သည့် ၎င်း၏ အာဏာရအုပ်စုတွင် အမတ်နေရာ ၅၃ နေရာသာ ရရှိထားသည်။

အလားတူ ယာရှာပါတီအပါအဝင် အတိုက်အခံအုပ်စုကလည်း အများစုအနိုင်ရရှိခြင်းမရှိဘဲ အမတ်နေရာ ၄၈ နေရာသာ ရရှိခဲ့သည်။ နေတန်ယာဟုအုပ်စုနှင့် အိုင်ဆင်ကော့အုပ်စုတို့အနက် မည်သည့်အုပ်စုမျှ ပြတ်ပြတ်သားသား အနိုင်ရရှိခြင်း မရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြကြသည်။

အစ္စရေးနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်များ အတည်ပြုပြီးနောက် သမ္မတက ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခြေအရှိဆုံးဟု ယူဆရသည့် ပါတီခေါင်းဆောင်ကို အစိုးရသစ်ဖွဲ့စည်းရန် တာဝန်ပေးအပ်လေ့ရှိသည်။

ယခုအခါ အုပ်စုနှစ်ခုစလုံးသည် အခြားပါတီများ၏ ထောက်ခံမှု ရရှိရန် ကြိုးပမ်းလာကြမည်ဖြစ်သဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး ဆွေးနွေးမှုများမှာ ပြင်းထန်လာဖွယ်ရှိသည်။ အထူးသဖြင့် အာရပ်ပါတီများသည် ညွန့်ပေါင်းအစိုးရတွင် ပါဝင်လာမည်လားဆိုသည့် အချက်အပေါ် လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ ခြောက်ဦး သေဆုံးဖွယ်ရှိ

နယူးဒေလီ အောက်တိုဘာ ၃၀

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်တွင် လေယာဉ်မှူးတစ်ဦးနှင့် ဘုရားဖူးငါးဦး လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း ယနေ့ ပျက်ကျခဲ့ရာ လိုက်ပါလာသူ ခြောက်ဦးစလုံး သေဆုံးဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဥတ္တရာခန်းပြည်နယ် မြို့တော် ဒေရာဒွန်းမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၈၀ ခန့်အကွာ၊ ချာမိုလီခရိုင် ဂျိုရှီမတ်မြို့အနီးရှိ ချာယီကျေးရွာအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ခရိုင်အုပ်ချုပ်ရေးအဖွဲ့၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန နှင့် ဥတ္တရာခန်းပြည်နယ် ဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့တို့ ပူးပေါင်း၍ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ပူရှ်ကာဆင်း ဒါမီက ပြောကြားသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါ ရဟတ်ယာဉ်သည် အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၄ မိနစ်ခန့်တွင် ဟိန္ဒူဘာသာဝင်များ ဘုရားဖူးသွားရောက်ရာ မြို့တစ်မြို့ဖြစ်သည့် ဘဒရီနတ်မြို့မှ ထွက်ခွာခဲ့ပြီး နှင်းကျနေသည့်အချိန်တွင် ဟာသီ ပါဗတ်ဒေသအနီး၌ အဆက်အသွယ် ပြတ်တောက်သွားခဲ့ခြင်း ဖြစ်သည်။

ရဟတ်ယာဉ် ပျောက်ဆုံးသွားကြောင်း သိရှိပြီးနောက် အာဏာပိုင်များက ဝေဟင်မှ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခြားရဟတ်ယာဉ်တစ်စင်းကို ချက်ချင်း စေလွှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ မာယွန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

မနီလာ အောက်တိုဘာ ၃၀

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင် ယနေ့ ပေါက်ကွဲခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၃ မိနစ်ခန့်တွင် မာယွန်မီးတောင်၌ အလယ်အလတ်ပြင်းအားရှိ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုမှာ ခြောက်မိနစ်ခန့် ကြာမြင့်ခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် မီးတောင်ဝမှ မီးခိုးပြာနှင့် ပြာမှုန်များသည် အမြင့် မီတာ ၃၀၀၀ အထိ မြင့်တက်သွားခဲ့ပြီး မီးတောင်ပြာများသည် အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ ပျံ့နှံ့သွားနိုင်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒဌာနက ပြောကြားသည်။

ထို့ပြင် မီးတောင်သတိပေးချက်အဆင့်ကို အဆင့် (၂)မှ အမြင့်ဆုံးအဆင့် (၅) ရှိသည့်အနက် အဆင့် (၃) သို့မြှင့်တင်ခဲ့သည်။ လာမည့် သီတင်းပတ်အနည်းငယ်အတွင်း ချော်ရည်များ စီးဆင်းခြင်းနှင့် မီးတောင်ပြာများ၊ ကျောက်တုံးအမှုန်အမွှားများ အရှိန်ပြင်းစွာ စီးဆင်းကျဆင်းခြင်းတို့ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

မီးတောင်ပတ်လည် ခြောက်ကီလိုမီတာအတွင်း သတ်မှတ်ထားသည့် အမြဲတမ်းအန္တရာယ်ဇုန်အတွင်း နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒဌာနက အကြံပြုပြောကြားခဲ့သည်။ ထို့ပြင် မီးတောင်ထိပ်အနီးမှ လေယာဉ်များ ဖြတ်သန်းပျံသန်းခြင်းကို ရှောင်ကြဉ်ရန် လေကြောင်းအာဏာပိုင်များက လေယာဉ်မှူးများအား အသိပေးရန်လည်း တိုက်တွန်းထားသည်။

ကန်တော့ပုံသဏ္ဌာန်ကြောင့် ထင်ရှားသည့် မာယွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံ၏ လှုပ်ရှားမှုအများဆုံး မီးတောင်များအနက် တစ်ခုဖြစ်ပြီး ယခင်ကလည်း ပြင်းထန်သော ပေါက်ကွဲမှုများကြောင့် ဒေသခံအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာ မာချာဒို နိုင်ငံတစ်ဝန်း နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်သွားမည်

ကာရာကတ် အောက်တိုဘာ ၃၀

၂၀၂၅ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်နှင့် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာ မာချာဒိုက နိုင်ငံတစ်ဝန်း နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မာချာဒိုသည် အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၂၉ ရက်က မြို့တော် ကာရာကတ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၁၁ လခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဗင်နီဇွဲလားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ မာချာဒိုသည် ယမန်နှစ် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ပွဲသို့ တက်ရောက်ရန် ဗင်နီဇွဲလားနိုင်ငံမှ လျှို့ဝှက်ထွက်ခွာခဲ့ပြီးနောက် အမေရိကန်၊ ပနားမားနှင့် အခြားနိုင်ငံများတွင် နေထိုင်ခဲ့သည်။

၎င်းအနေဖြင့် နိုင်ငံသို့ ပြန်လာရခြင်းမှာ နိုင်ငံသစ်တစ်ရပ် တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးကို ပူးပေါင်းပါဝင်လာစေရန်ဖြစ်ကြောင်း မာချာဒိုက ပြောကြားခဲ့သည်။ ထို့ပြင် ဗင်နီဇွဲလားနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အရှိန်မြှင့်တင်နိုင်ရန် နိုင်ငံတစ်ဝန်း နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၀	၅၃၆၂
HSD (10 ppm)	၅၂၂၀	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၆ ဦး စုစုပေါင်း ၁၈ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၃၀၊ အနံ ၁၅ ပေ ယာယီလူနေတဲတစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီလူနေတဲနှစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ယာယီအလုပ်ရုံတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီစားချက်ဆောင်တစ်လုံး၊ Star Link နှစ်လုံး၊ ALL In One Computer ခုနစ်လုံး၊ Color Printer တစ်လုံး၊ ဖုန်းမျိုးစုံ ၁၆ လုံး၊ CPU(မကောင်း) နှစ်လုံး၊ မီးစက်ကြီး နှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံး ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင် သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ ကျော်ဇင်စိုး(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်း သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ နိုင်လင်းအောင်(တာမွေ)

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံ့ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးဆီသို့ . . .

ဒေါက်တာစိုင်း(နည်းပညာ)

လူသားအရင်းအမြစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် သဘာဝသယံဇာတပေါကြွယ်ဝမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအရင်းအနှီးများ ပိုင်ဆိုင်မှုတို့က အရေးပါသကဲ့သို့ အရည်အသွေးမြင့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်မှုသည်လည်း အဓိကကျသော အခြေခံအချက်တစ်ရပ်ဖြစ်သည်။

သဘာဝသယံဇာတများသည် အကန့်အသတ်ရှိနိုင်သော်လည်း လူသားတို့၏ အသိပညာ၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်သည်။ ထို့ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်နိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် ရှုမြင်ကြခြင်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်ရေး၊ ကုန်ထုတ်စွမ်းအားနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့် အလုပ်လုပ်ကိုင်နေသူများ၏ လုပ်ငန်းကျွမ်းကျင်မှုများ မြှင့်တင်ရေးတို့ကို အလေးထားလမ်းညွှန်ခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန်ဆက်စပ်နေသော လုပ်ငန်းစဉ်များအဖြစ် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

လူဦးရေဖွဲ့စည်းပုံနှင့် လုပ်သားအင်အားစု၏ အရေးပါမှု

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လူဦးရေစုစုပေါင်းထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေ၊ အမှန်တကယ်လုပ်သားအင်အားစုအတွင်း ပါဝင်နေသူများနှင့် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်တို့သည် အထူးအရေးပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေများပြားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နိုင်သော်လည်း သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျွမ်းကျင်မှုများ မဖန်တီးပေးနိုင်ပါက မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လူဦးရေဖွဲ့စည်းပုံ၊ အလုပ်သမားဈေးကွက်လိုအပ်ချက်နှင့် ဒေသအလိုက် စီးပွားရေးအခွင့်အလမ်းများကို စနစ်တကျ လေ့လာဆန်းစစ်ရန် လိုအပ်သည်။ လူငယ်များ၊ အမျိုးသမီးများနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ဒေသများရှိ ပြည်သူများအတွက် ပညာရေး၊ ကျွမ်းကျင်မှုသင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းသည်လည်း အရေးပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာသင်တန်းသားများ လက်တွေ့ပြုလုပ်နေစဉ်။

> ❛နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ လုပ်ငန်းခွင်လိုအပ်ချက်ရှိသည့် ကျွမ်းကျင်သင်တန်းများဖွင့်လှစ်ရေး၊ လုပ်ငန်းခွင်လက်တွေ့လေ့ကျင့်ရေး၊ အလုပ်သင်အစီအစဉ်များနှင့် အလုပ်အကိုင် ချိတ်ဆက်ပေးရေးအစီအစဉ်များ ဖော်ဆောင်ခြင်းသည် ပညာရေးမှအလုပ်အကိုင်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်❜

ပညာရေး၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်တို့ကို ချိတ်ဆက်ခြင်း

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကရည်ရွယ်ချက်မှာ ပညာတတ်ဦးရေ တိုးပွားလာစေရန်သာမက သင်ယူတတ်မြောက်ထားသော အသိပညာနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ဘဝနှင့် လုပ်ငန်းခွင်များတွင် ထိရောက်စွာအသုံးချနိုင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် နည်းပညာ ကျွမ်းကျင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန် လိုအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ အထည်ချုပ် (CMP)၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းများအတွက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒေသအလိုက်နှင့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များကိုလေ့လာ၍ လက်တွေ့ကျွမ်းကျင်မှုအခြေပြုသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ လုပ်ငန်းခွင်လိုအပ်ချက်ရှိသည့် ကျွမ်းကျင်သင်တန်းများဖွင့်လှစ်ရေး၊ လုပ်ငန်းခွင်လက်တွေ့လေ့ကျင့်ရေး၊ အလုပ်သင်အစီအစဉ်များနှင့် အလုပ်အကိုင်ချိတ်ဆက်ပေးရေးအစီအစဉ်များ ဖော်ဆောင်ခြင်းသည် ပညာရေးမှအလုပ်အကိုင်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်သင်ယူမှု

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းသားလူငယ်များအတွက်သာ ရည်ရွယ်သည့် လုပ်ငန်းစဉ်မဟုတ်ဘဲ လက်ရှိလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နေသူများ၏ ကျွမ်းကျင်မှုများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးရန် လိုအပ်သည်။ ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ စက်မှုအလိုအလျောက်ထိန်းချုပ်မှုနှင့် ထုတ်လုပ်မှု နည်းပညာအသစ်များသည် လုပ်ငန်းခွင်ပုံစံများကို ပြောင်းလဲစေလျက်ရှိသည်။

အထည်ချုပ်သင်တန်းသားများအား လက်တွေ့ပြသနေစဉ်။

ထိုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် ကျွမ်းကျင်မှုအသစ်များ ပြန်လည်လေ့ကျင့်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ကျွမ်းကျင်မှုမြင့်မားလာခြင်းသည် အချိန်ကုန်သက်သာစေခြင်း၊ အမှားအယွင်းနှင့် အလေအလွင့်များ လျော့နည်းစေခြင်း၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေခြင်းတို့ကို အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် သင်ယူမှုကို အလေ့အထကောင်းတစ်ရပ်အဖြစ် မြှင့်တင်ရန်လိုအပ်သည်။

သင်တန်းသားနည်းပါးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး

နိုင်ငံတော်နှင့် ပုဂ္ဂလိက TVET ဆိုင်ရာ ကျွမ်းကျင်သင်တန်းများကို အရင်းအနှီးများစွာ အသုံးပြုဖွင့်လှစ်ပေးသော်လည်း အမှန်တကယ်သင်တန်းတက်ရောက်မည့် သင်တန်းသားရှားပါးမှုသည်လည်း ကြုံတွေ့ရတတ်ပါသည်။ သင်တန်းများက မိမိတတ်ကျွမ်းသည့် ဘာသာရပ်သင်တန်းကိုသာ ဖွင့်လှစ်ပေးခြင်းဖြင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် လွဲမှားနေတတ်ကြပါသည်။

KG + 9 ပြီးအောင် မသင်ကြားနိုင်ကြသည့် လူငယ်ကျောင်းသားအများစုသည် မိသားစုအထောက်အကူပြုရန် ကျရာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီး သင်တန်းသုံးလ တက်ရောက်ရမည့်ကိစ္စမှာလည်း ယင်းမိသားစု၊ လူငယ်များတွင် စိန်ခေါ်မှုဖြစ်နေသလို ကျွမ်းကျင်သင်တန်းပြီးလျှင် အလုပ်အကိုင်ချက်ချင်းရမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

သို့ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးသည် သင်တန်းများဖွင့်လှစ်ပေးခြင်း တစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများတိုးမြှင့်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများ အားပေးရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးတို့ကို တစ်ပြိုင်နက် ဆောင်ရွက်ရန်လိုအပ်သည်။

လူသားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ်ကိုတည်ဆောက်ခြင်း

ပညာရေးမှ ကျွမ်းကျင်မှု၊ ကျွမ်းကျင်မှုမှ အလုပ်အကိုင်၊ အလုပ်အကိုင်မှ ကုန်ထုတ်စွမ်းအားနှင့် ကုန်ထုတ်စွမ်းအားမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ဆက်စပ်နေသော လုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ ဖော်ဆောင်သွားရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် အစိုးရဌာနများ၊ ပညာရေးအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်မှုသည် အရေးပါသည်။

ဆောင်ရွက်ချက်များ၏ အောင်မြင်မှုကို သင်တန်းဆင်းဦးရေ၊ အလုပ်အကိုင်ရရှိမှု၊ လုပ်သားတစ်ဦးချင်းစီ၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်ငန်းများ၏ အရည်အသွေးတိုးတက်မှုတို့ဖြင့် စနစ်တကျ စောင့်ကြည့်အကဲဖြတ်ရန် လိုအပ်သည်။ အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို လက်တွေ့အသုံးချနိုင်ခြင်းတို့သည် နိုင်ငံ့ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်များပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၆)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)မှ အမှတ်စဉ်(၁၄)အထိ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင် ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်း အပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့ အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့ အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ် တာဝန်ကာလ ပြည့်မြောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မိမိတို့၏ အခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှု၊ အနစ်နာခံမှုနှင့် တာဝန်သိစိတ်တို့ကို လေးနက်စွာ အသိအမှတ်ပြုဂုဏ်ပြုခြင်းပင်ဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်လျက်ရှိကြသည့် လူငယ်လူရွယ်များသာမက နောင်လာမည့် မျိုးဆက်သစ်လူငယ်များအတွက်ပါ နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်၊ စည်းကမ်းလိုက်နာမှုနှင့် မိမိထမ်းဆောင်ရမည့်တာဝန်အပေါ် အလေးထားမှုတို့ကို စံနမူနာကောင်းတစ်ခုသဖွယ် တည်ရှိနေမည်ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြား သိရသည်-

၁

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာဆောင်ရွက်ပြီးတော့ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလ နှစ်နှစ်တာ အတွင်းမှာလည်း အဖွဲ့အစည်းနဲ့ပတ်သက်တဲ့

အတွေ့အကြုံတွေကတော့ အများကြီးရခဲ့ပါတယ်။ တာဝန်ထမ်းဆောင်လာမယ့် ကျွန်တော်တို့ ညီတော်မောင် တွေကိုလည်း ကျွန်တော်တို့က လက်ကမ်းကြိုပါတယ်ဗျ။ အဖွဲ့အစည်းရဲ့ စိတ်ဓာတ်ကိုလည်း သိရှိအောင်ပေါ့။ ဘာမှလည်းခက်ခဲတဲ့အရာ တစ်ခုမဟုတ်ဘူး။ ကိုယ်ကဒီနိုင်ငံမှာနေပြီးတော့ ဒီဥပဒေအတိုင်း လိုက်နာသွားရမှာ ဖြစ်တဲ့အတွက် အားလုံးကိုလာခဲ့ပါလို့ လက်ကမ်းကြိုဆိုပါတယ်။

၂

ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းကို ဝင်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့လူမျိုးကို ကာကွယ်ဖို့အတွက်နဲ့ အမျိုးဘာသာသာသနာ ကာကွယ်ချင်တဲ့အတွက် ဝင်ရောက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့် အတွေ့အကြုံကတော့ ရှေ့တန်း စခန်းကုန်းတွေမှာ တာဝန်ပေးတဲ့ အချိန်ဆို သူငယ်ချင်းတွေနဲ့ စည်းစည်းလုံးလုံး၊ စွန့်စွန့်စားစား အကုန်လုံး ဝိုင်းဝန်း တိုက်ခိုက်ကြပါတယ်။ ဒီဂုဏ်ပြု လက်မှတ်ရတာကို ကျွန်တော် အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော်တို့ ဒီဆု လက်မှတ်ရဖို့ဆိုတာ ချွေးနဲ့ သွေးနဲ့ ရင်းပြီးမှ ရရှိခဲ့တာဖြစ်ပါတယ်။

၃

တာဝန်ကျတဲ့ တပ်မှာတော့ ကျွန်တော်တို့က သင်တန်းဆင်းပြီးတော့ လေယာဉ်တွေအကြောင်းကို လေ့လာတယ်။ လေယာဉ်နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေကို လေ့လာတယ်ခင်ဗျ။ အတွေ့အကြုံကတော့ အပြင်လောကမှာ မမြင်ဖူးတဲ့ လေယာဉ်တွေအကြောင်းကို လေ့လာရတဲ့ အတွေ့အကြုံလေးတွေ ရှိပါတယ်။ အမှတ်တရကတော့ သူငယ်ချင်းတွေနဲ့အတူ စုပေါင်းပြီးတော့ အလုပ်လုပ်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ နှစ်နှစ်တာကာလ တာဝန်ပြီးမြောက်လို့ ပေးအပ်တဲ့ ဂုဏ်ပြုလွှာအတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်(ပုံစံ-၁၂)နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်

စစ်တွေ အောက်တိုဘာ ၁၀

စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်(ပုံစံ-၁၂)နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးက စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့ စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက ပြည်သူ့ စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ရေတပ်၊ ဌာနချုပ်မှူးက ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်(ပုံစံ-၁၂) တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းတာဝန်သည် ဥပဒေအရ ပေးအပ်ထားသည့် တာဝန်တစ်ခုတင်မက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်း ထမ်းဆောင်ရမည့် မွန်မြတ်သည့် အမျိုးသားရေး တာဝန်တစ်ခု ဖြစ်ကြောင်း၊ စစ်သည်တော်များသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူများဖြစ်သည့်အတွက် သမိုင်းက အသိအမှတ် ပြုထားမည်ဖြစ်ကြောင်း၊ စစ်သည်တော်များသည် အရပ်သားဘဝကို ပြန်လည်ရောက်ရှိသွားမည်ဖြစ်၍ စစ်သည်တော်၏ ကိုယ်ရည်ကိုယ်သွေးများက စစ်သည်တော် စိတ်ဓာတ်အတိုင်း ရှိနေရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးသည့်အချိန်မှစ၍ မိမိတို့ဒေသတွင်ရှိသည့် လူငယ်များ၏ စံပြဖြစ်အောင် နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားပြီး ရပ်ရွာအေးချမ်းရေးအတွက်အထောက်အကူပြုသူများဖြစ်အောင် နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ကြိုးစား အားထုတ်ရာတွင်လည်း တပ်မတော်က သင်ကြားပေးလိုက်သည့် ဖွဲ့သတ္တိရှိမှု၊ အမိန့်နာခံမှုနှင့် စည်းကမ်း ကောင်းမွန်မှုများကို အသုံးပြုပြီး မိမိတို့၏ မိသားစုလူနေမှုဘဝတိုးတက်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) အစည်းအဝေးခန်းမ၌ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကွန်ပျူတာတက္ကသိုလ် ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ အင်တာနက်အသုံးပြု၍ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်ဆွေးနွေးပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကွန်ပျူတာအသုံးပြု လက်တွေ့သင်တန်းခန်း၊ ဝန်ထမ်းအိမ်ရာနှင့် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

MAI လေကြောင်းလိုင်း ခရီးသည်များအတွက် Checked Baggage သယ်ဆောင်ခွင့်အပြောင်းအလဲကို နိုဝင်ဘာ ၁ ရက်တွင် စတင်မည်

ရန်ကုန် အောက်တိုဘာ ၁၀

အပြည်ပြည်ဆိုင်ရာ မြန်မာ လေကြောင်းလိုင်း (MAI) က ခရီးသည်များ အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချရသော ခရီးစဉ်များ ဖြစ်စေရန်အတွက် နိုဝင်ဘာ ၁ ရက်မှစတင်၍ ခရီးဆောင်အိတ် (Checked Baggage) သယ်ဆောင်ခွင့်ဆိုင်ရာ စည်းမျဉ်းသစ်များကို စတင်ကျင့်သုံးတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

သယ်ယူခွင့်ရရှိမည်

ယင်းစည်းမျဉ်းသစ်အရ ခရီးသည်များ၏ ခရီးစဉ်အတန်းအစားအလိုက် အိတ်သယ်ယူခွင့်ကို သတ်မှတ်ထားပြီး Economy Class (20kg) လက်မှတ်ဖြင့် ခရီးသွားသူများအနေဖြင့် အိတ်တစ်လုံး၊ Economy Class (30kg) လက်မှတ်ဖြင့် ခရီးသွားသူများ အနေဖြင့် အိတ်နှစ်လုံးအထိနှင့် Business Class (40 kg) လက်မှတ်ဖြင့် ခရီးသွားသူများ အနေဖြင့် အိတ်နှစ်လုံးအထိ သယ်ယူခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် ခရီးသည်အားလုံး၏ ဘေးကင်းလုံခြုံရေးနှင့် လေကြောင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် သံသယဖြစ်ဖွယ်ရှိသော Checked Baggage များကိုလည်း လက်ခံသယ်ဆောင်ပေးမည် မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ MAI လေကြောင်းလိုင်းနှင့် ခရီးသွားမည့်သူများအနေဖြင့် နိုဝင်ဘာ ၁ ရက်မှ စတင်ကျင့်သုံးမည့် အိတ်သယ်ယူခွင့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ မိမိတို့ဝယ်ယူထားသည့် လက်မှတ်အမျိုးအစားအလိုက် ခွင့်ပြုချက်များကို ကြိုတင် စုံစမ်းစစ်ဆေးထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ချမ်းအေးသာစံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ပြန်လည်ရောက်ရှိလာသူအား ဂုဏ်ပြုကြိုဆို

ချမ်းအေးသာစံ အောက်တိုဘာ ၁၀

ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၆)တွင် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူအား ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရုံး၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၆)တွင် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသည့် ဦးမင်းမင်းကျော်အား ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် အောက်တိုဘာ ၁၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းများကို ယမန်နေ့တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ) က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါလမ်းများ ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

ပေါင် အောက်တိုဘာ ၁၀

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပြေကုန်းကျေးရွာ၌ စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာ၌ မြေသားမိုးရေလှောင်ကန်များမှ သောက်သုံးရေသိုလှောင်ထားရှိမှုအခြေအနေများ၊ ရေအရင်းအမြစ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သုတ

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် (ဒုတိယအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ် မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒက္ခိဏသီရိမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ စူပါအယ်လ်နီညိုကာလအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းကို အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၀-၂၀၂၆ ဝေနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၄၀ ဝက်မြူထိုက်စေ အနုပညာအငွေ့ (အပိုင်း-၂)
- ၀၉:၃၀ ဝိုင်းဝန်းကြိုးစားဖိကဏ္ဍမြင့်မား
- ၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၁:၄၀ တိုင်းရင်းသားမိရိုးဖလာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၀)
- ၁၃:၃၀ MRTV National News
- ၁၆:၄၀ ပုံပြင်ကမ္ဘာအစီအစဉ် 'ငနွားပန်းလေးဝါဝါ'
- ၁၇:၁၅ Listen To the Earth "What happens Before a Volono Erupt's"
- ၁၇:၃၅ The Sports Editor's Top Picks Of This Week
- ၁၈:၃၅ ဝက်မြူထိုက်စေ အနုပညာအငွေ့ (အပိုင်း-၂)
- ၁၈:၅၀ သံစဉ်ဝေဖြာစေတီရိယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၄၀ နိပါတ်တော်လာဇာတ်သဘင်မဟာ 'ဥမ္မာဒန္တီဇာတ်' (ဒုတိယပိုင်း)

mitv

- 07:01 Evergreen Classic; Dhamma Set Taw (Sein Lei Lei)
- 07:07 Weekly Review
- 07:25 Artworks by Female Artists across Generations
- 07:38 Myanmar Family Life: Rest & Recreation at the Zoo
- 08:01 News
- 08:26 Lifestyle & Entertainment (Weekly Updates)
- 08:38 Quiz Time (Ep-121)
- 10:01 News
- 10:26 Children's Delight: National Library for Children (I'm an Elephant)

Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ Let's Pang Pang (36)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်ရွှင်ဖွယ်ရာမုံတော်' (အပိုင်း-၂)
- ၀၈:၁၀ မြန်မာဇာတ်လမ်းတွဲ 'အသင်းနားဆုံးသစ်ပင်' (အပိုင်း-၁၃)
- ၀၈:၄၅ ဘဝနှင့်အနုပညာ 'ထူးခြားထင်ရှားအနုပညာများဖြင့်' (အပိုင်း-၂)
- ၀၉:၄၀ မြန်မာရုပ်ရှင်(ဖြူမည်း) 'ချစ်ငရဲဝင်'

MRTV NRC

- ချင်း(လိုင်ဇို) (၀၆:၀၀ မှ ၀၇:၀၀) ဝဂျစ်ပင်စိုက်ပျိုးနည်း
- ချင်း(ခိုး) (၀၇:၀၀ မှ ၀၈:၀၀) ချင်းပြည်နယ်၏အလှအပများ
- မွန် (၀၈:၀၀ မှ ၁၀:၀၀) ရှေးဟောင်းအမွေအနှစ်တို့တည်ရာ ဦးနာအောက်ဘုရား(မွန်)
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) လေးရှင်းတောင်မီးပြတိုက်ဟောင်း
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ပင်လောင်းရှမ်းတွေ
- ဝ (၁၄:၀၀ မှ ၁၆:၀၀) 'ဝ'ရိုးရာတူရိယာအကြောင်း
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) တိုင်းရင်းဆေးဝါးရှာဖွေလေ့လာသိကောင်းစရာများ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ဒေသ့ပိုင်နောင်များဘာသာစကားဖြင့် ချစ်ကြည်ဝေမည်(အပိုင်း-၉)
- ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀) စဝ်လဲရေတံခွန်သို့အလည်တစ်ခေါက်
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) သီးချိုသွေးနိုရောဂါအကြောင်းသိကောင်းစရာ
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) မုလဒိ(၂)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ Bird Eye View
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ ရွှေသို့ချိုမည်ပန်းတိုင်ဆီ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အသံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးကျင်းပမှု (Replay)
- ၂၀:၀၀ လွှတ်တော်သတင်း(၃၁-၁၀-၂၀၂၆)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ စိုက်ပျိုးရေးထွက်ကုန်များတန်ဖိုးမြှင့် ပို့ပိုထုတ်လုပ်နိုင်ရေး MSME ဖြင့် မြှင့်တင်ပေး
- ၀၇:၀၀ သုတပဒေသာစိုက်ပျိုးနည်းပညာ
- ၀၈:၀၀ ပဲပုပ်သီးနဲ့ရဲ့အလားအလာ
- ၀၉:၀၀ တောင်သူဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေ တော်ထုတ်ကြပါစို့
- ၁၀:၃၀ လောကီလူ့ဘုံ(ရေဒီယိုဇာတ်လမ်း)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၀၈:၀၀ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(အမျိုးသမီး-၄ယောက်တွဲ) ဖိုက်ကျော်ခြင်းပြိုင်ပွဲ (Replay)
- ၀၉:၄၅ MRTV Sportainment
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ရေဒီယို (နှင့်) (ဥပဒေ) စာရိုက် တယ်ကြည့်မှုစ် (၄) နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

အကြမ်းဖက် NUG လက်အောက်ရှိ ဟသ်ာတခရိုင်တပ်ရင်း(၃)မှ တပ်ရေးတာဝန်ခံ ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ အား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင်အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ဖမ်းဆီးရမိ တရားခံ အကြမ်းဖက် PDF အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ (၃၃ နှစ်)။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက် လုပ်ရပ်များကို မလိုလားသည့်ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ဟသ်ာတခရိုင် တပ်ရင်း(၃)အမည်ခံ အကြမ်းဖက် PDF အဖွဲ့မှ တပ်ရေးတာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေအား လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မေလမှ ဇွန်လအထိ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော KNU အဖွဲ့၏ တပ်မဟာ(၇)သို့ သွားရောက်၍ အကြမ်းဖက် စစ်သင်တန်းတက်ရောက်ခဲ့ပြီး တပ်မဟာ(၇)၊ ဟသ်ာတခရိုင် တပ်ရင်း(၁)၊ ဧရာဝတီရိုးမ စစ်ကြောင်းနှင့် ဟသ်ာတခရိုင် တပ်ရင်း(၃)တို့တွင် ရုံးတာဝန်ခံ၊ တပ်ရေး/တပ်ထောက်တာဝန်များ စသည့်အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ရန်ကုန်မြို့၌ ဟသ်ာတခရိုင် တပ်ရင်း(၃)၏ အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေသည် ဟသ်ာတခရိုင် တပ်ရင်း(၃)တွင် တပ်ရေးတာဝန်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အင်အားစာရင်းများပြုစုခြင်း၊ အကြမ်းဖက်ထောက်ပံ့ငွေ အလွှဲ/အပြောင်းများအား ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်ပြန်တမ်းများပေးပို့ခြင်း၊ ထိခိုက်ကျဆုံး/ဒဏ်ရာရ စာရင်းများ ပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဟသ်ာတခရိုင်တပ်ရင်း (၃)၏ အကြမ်းဖက်ထောက်ပံ့ဝင်ငွေ/ထွက်ငွေ ကိစ္စရပ်များအား အွန်လိုင်း ငွေကြေးဝန်ဆောင်မှုစနစ်များအသုံးပြု၍ လွှဲပြောင်း/လက်ခံခြင်း ပြုလုပ်ခဲ့ကြောင်း၊ ၎င်းထံသို့ အကြမ်းဖက် MOD မှ သုံးလလျှင် တစ်ကြိမ် ပေးပို့သည့်လစာများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများက ပေးပို့သည့်ငွေများအား အကြမ်းဖက် PDF အဖွဲ့ ဟသ်ာတခရိုင် တပ်ရင်း(၃)မှ တပ်ရင်းမှူးအဆင့်ရှိ ရဲကျော်သူ (ခ) ရဲခေါင်၏အစီအစဉ်ဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံ အကြမ်းဖက် အဖွဲ့ဝင် ဝင့်လွှာအောင် (ခ) စစ်ငြိမ်းမေအား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု လုပ်ဆောင်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ၏ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

အကြမ်းဖက် NUG အဖွဲ့အတွက် Nway Oo Hti Website မှတစ်ဆင့် တရားမဝင် ထီရောင်းချသူကိုယ်စားလှယ်များအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၀

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများအား အစဉ်တစိုက်ပြုလုပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့များအား ထောက်ခံမှုနှင့်အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့အဖွဲ့ ရေရှည်ရပ်တည်နိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဩဂုတ်လခန့်မှစတင်၍ Nway Oo Hti Website အား အသုံးပြုကာ တရားမဝင်ထီရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းမှ ရရှိငွေများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် ၎င်းတို့၏လက်ဝေခံအဖွဲ့များထံသို့ ထောက်ပံ့လျက်ရှိကြောင်း၊ အကြမ်းဖက် NUG အဖွဲ့သည် နွေဦးထီရောင်းချနိုင်ရန်အတွက် ၎င်းတို့ကို ထောက်ခံအားပေးသူများအား ကိုယ်စားလှယ်အဖြစ်ထားရှိ၍ တရားမဝင် နွေဦးထီအား ရောင်းချလျက်ရှိကြောင်း အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လုပ်ရပ်များကို မလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် နန္ဒာလှိုင် (၄၈ နှစ်)။

ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် ဆုမြတ်ဝေ(ခ) လေးပေါင် (၃၉ နှစ်)။

အဆိုပါတရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တရားမဝင်နွေဦးထီရောင်းချသူကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ နန္ဒာလှိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နေ ဆုမြတ်ဝေ (ခ) လေးပေါင်တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ နန္ဒာလှိုင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလခန့်မှစ၍ နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နွေဦးထီပေါက်သူများအား တရားမဝင် SDB ဘဏ်အကောင့်အသုံးပြု၍ ၎င်းမှတစ်ဆင့် ပြန်လည်လွှဲပေးရသူဖြစ်ကြောင်း၊ ဖမ်းဆီးရမိတရားခံ ဆုမြတ်ဝေ(ခ)လေးပေါင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လမှစ၍ တရားမဝင် နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၎င်းကိုယ်တိုင် တရားမဝင်နွေဦးထီများအား လစဉ်ဝယ်ယူခဲ့ကြောင်းနှင့် ထီရောင်းချရသည့်ငွေများအား အကြမ်းဖက်အဖွဲ့များထံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ နှစ်ဦးသည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခြင်း၊ အကြမ်းဖက်ထောက်ပို့ငွေများအား ငွေပေး/ငွေယူပြုလုပ်၍ လွှဲပြောင်းပေးခြင်း၊ တရားမဝင်နွေဦးထီလုပ်ငန်းတွင် ထီရောင်းချသူကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက် NUG အဖွဲ့၏ တရားမဝင်နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူများ၊ ဝယ်ယူအားပေးသူများနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ပါသည်။

CRPH၊ NUG အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ထောက်ခံမှု၊ အားပေးကူညီမှုနှင့် ငွေကြေးထောက်ပံ့မှုများ မပြုလုပ်ခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အားပေးထောက်ခံမှုပြုလုပ်နေသူများ၏ သတင်းကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ပုသိမ် အောက်တိုဘာ ၂၀

ပုသိမ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်ပြာရွှေက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပုသိမ်မြို့နယ်အတွင်း စာရင်းကောက်လုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုဇော်

သုံးခွမြို့၌ အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပ

သုံးခွ အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ပညာပေးရှင်းလင်းပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ပညာပေးရှင်းလင်းပွဲ ဆောင်ရွက်ရသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရွှေဆိုင်၊ စားသောက်ဆိုင်၊ ဖုန်းဆိုင်များမှ အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန လက်အောက်ရှိ ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး ပိုက်ကျော်ခြင်း လက်ရွေးစင်အားကစားသမားများ ကွင်းသွင်းခြင်းခတ် (Hoop Takaraw)လေ့ကျင့်နေမှုများနှင့် ရွှေတောင်မြို့နယ်နှင့် နတ္တလင်းမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံတို့ကို ယနေ့နံနက်ပိုင်းက အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ လိုက်လံကြည့်ရှု စစ်ဆေးပြီး အဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် မြသီတာအားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြား၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ"ကို ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အထက(၄) တာမွေမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၀ သိန်း ပေးအပ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အမျိုးသမီး(၅၃)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ဖွေးဖွေးဦးက အမြန်မစံချိန် ၆၄ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၄ ကီလိုဖြင့် ပထမ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ယမင်းသူဇာက အမြန်မစံချိန် ၆၇ ကီလို၊ နှစ်ဆင့်မစံချိန် ၇၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လင်းလက်ကြယ်စင်က အမြန်မစံချိန် ကီလို ၄၀၊ နှစ်ဆင့်မစံချိန် ၄၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၈၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ထို့အတူ အမျိုးသား (၆၀)ကီလိုတန်း အုပ်စုအဆင့်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်က အမြန်မစံချိန် ၉၉ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၄ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၂၃ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီးအသင်းမှ ထွန်းလင်းက အမြန်မစံချိန် ၉၃ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၁၂၀ နှင့် စုစုပေါင်း စံချိန် ၂၁၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မောင်ဆားက အမြန်မစံချိန် ၈၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၅ ကီလိုနှင့် စုစုပေါင်းစံချိန် ကီလို ၁၉၀ ဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား (၆၀)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်သည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၉၈ ကီလိုထက် ကျော်လွန်၍ ၉၉ ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၂၃ ကီလိုထက်ကျော်လွန်၍ ၁၂၄ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၁၉ ကီလိုထက် ကျော်လွန်၍ ၂၂၃ ကီလို ဖြင့်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ(အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့"လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ ကီလိုမီတာ ၆၀ ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ နည်းပညာဆိုင်ရာနှင့် ခရီးရှည်မြင်းစီးအားကစား နည်းစနစ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းအစီအစဉ်ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* Endurance Qualification 60 km (၆၀ ကီလိုမီတာ) ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲ နည်းပညာဆိုင်ရာနှင့် ခရီးရှည် မြင်းစီးအားကစား(Endurance)နည်းစနစ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်း အစီအစဉ်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် M Gallery Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် (Technical Delegate)အဖြစ် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က FEI 1* Endurance Qualification 60 km (၆၀ ကီလိုမီတာ)ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲနှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာဟောပြောပွဲ(Technical Breifing)နှင့် (Endurance) ခရီးရှည်မြင်းစီး အားကစားနည်းစနစ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့အတူ တာဝန်ရှိသူများက ခရီးရှည် မြင်းစီးအားကစား နည်းစနစ်ဆိုင်ရာ အားနည်းချက်၊ အားသာချက်များ၊ ခရီးရှည်မြင်းစီးအားကစား နည်းစနစ်ဆိုင်ရာ Riders Time Card ဖြည့်စွက်ခြင်းလုပ်ငန်းများ၊ ခရီးရှည် မြင်းစီးအားကစား နည်းစနစ်ဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများနှင့် နည်းစနစ်များ၊ Vet Inspection နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်နှင့် စည်းကမ်းသတ်မှတ်ချက်များ၊ မြင်းစီးအားကစားဆိုင်ရာ တားမြစ်ဆေးဝါးထိန်းချုပ်ရေး(Equestrian Anti–Doping Program)နှင့် သန့်ရှင်းသော အားကစား(FEI Clean Sport)အကြောင်းအရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများအား ခရီးရှည်မြင်းစီးအားကစား နည်းစနစ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်း စစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် Teqball အားကစားသမားများသည် Men's Double ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၃၀

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် Teqball အားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် Men's Double ပြိုင်ပွဲများကို လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် Mixed Double ပြိုင်ပွဲများကို လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် Women's Double ပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာတက်ဂ်ဘော လက်ရွေးစင်အသင်းအနေဖြင့် Men's Double ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အတွဲသုံးတွဲ၊ Women's Double ပြိုင်ပွဲတွင် အတွဲ နှစ်တွဲဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမပြိုင်ပွဲတွင် မြန်မာအသင်းမှ ကိုကိုလွင်နှင့် ရာဇာတို့အတွဲသည် ရိုမေးနီးယားအတွဲနှင့် လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့ပြီး အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် ထိုင်းအတွဲနှင့် လည်းကောင်း၊ ကိုကိုလွင်နှင့် ရာဇာတို့ အတွဲသည် ထိုင်းအတွဲနှင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့သည်။

အလားတူ မြန်မာအသင်းမှ စောဖရိုက်ဒေးနှင့် စည်သူထွန်းတို့အတွဲသည် ဒုတိယပြိုင်ပွဲအဖြစ် ထိုင်းအတွဲနှင့် လည်းကောင်း၊ အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် လက်ရှိကမ္ဘာ့အဆင့်(၁)အတွဲ ရိုမေးနီးယားအတွဲနှင့် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှအားကစားသမားများနှင့် ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် မြန်မာ့တက်ဂ်ဘော လက်ရွေးစင် အားကစားသမားများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားကစားသမား တစ်ဦးချင်း၏ ကြိုးစားမှုများ ပေါင်းစပ်ပြီး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

☆ ဗီဖာမှ

အသင်းစုစုပေါင်း ၁၈၉ သင်း ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းဟာ အဆင့်(၁၂၅)နေရာရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(W)တွင် ပါဝင်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ခုနစ်မှတ်ရရှိပြီး အဆင့်(၄)နေရာ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲအပြီး အဆင့်(၄)နေရာ ရခဲ့သဖြင့် Tier D အဆင့်လုပွဲထပ်ကစားရခြင်းဖြစ်သည်။ Tier D ရသည့် အသင်းများသည် အဆင့်(၉၇)မှ (၁၂၈)နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရပြီး မြန်မာအသင်းသည် အိုမန်အသင်းကို ၃–၀ ဂိုး၊ မောရစ်သျှအသင်းကို ၀–၀ ဂိုး (ပင်နယ်တီ ၆–၅ ဂိုး)၊ ဘော့ဆွာနာအသင်းကို ၄–၃ ဂိုးနှင့် အရေးနိမ့်ခဲ့ပြီး တိုဂိုအသင်းကို ၃–၂ ဂိုး၊ ဘာကီနာဖာဆိုအသင်းကို ၄–၁ ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အဆင့်(၁၂၅)နေရာ ရရှိခဲ့ခြင်းဖြစ်သည်။ **သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – MFF**

(၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၃၀

မလေးရှားနိုင်ငံ၌ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှမလေးရှားနိုင်ငံသို့လေကြောင်း ခရီးဖြင့်ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည် ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ် အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို (အမျိုးသား)အသင်းနှင့် ပစ္စတို(အမျိုးသမီး)အသင်း တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်း ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ် အားကစားသမားစုစုပေါင်း ၅၅ ဦးတို့ လိုက်ပါသွားကြ ကြောင်း သိရသည်။

သတင်းစဉ်

ကြံခင်းမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း သင်တန်းဖွင့်

ကြံခင်း အောက်တိုဘာ ၃၀

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဧရာဦး ခန်းမ၌ ယနေ့နံနက်ပိုင်းက တိရစ္ဆာန်ကောင်ရေ စာရင်း ကောက်ယူခြင်းဆိုင်ရာ သင်တန်း ကို ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် မြို့နယ်မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ် ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး၊ တိရစ္ဆာန်ကောင်ရေ မွေးမြူထားမှုများကို ရပ်ရွာများ အတွင်း ကွင်းဆင်းဆောင်ရွက်ရာ ၌ ပြည်သူများထံမှ အချက်အလက် များ တိကျမှန်ကန်စွာ စာရင်း ကောက်ယူနိုင်ရေးအတွက် စာရင်း ဇယားပုံစံများနှင့်တကွ ရှင်းလင်း ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရ သည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

လှည်းကူး အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းပိုင် အောင်မင်္ဂလာ သားဖွားခန်း၌ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ ကိုယနေ့နံနက်ပိုင်းတွင် ဆောင်ရွက် သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေး အသိပညာပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ငှက်ပျောသီး၊ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကွေကာအုပ်ထုပ် များ၊ ကိုယ်ဝန်ဆောင်အားတိုးဆေး များနှင့် ငွေသားများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

အိရွှေစင်လတ်

ကျောက်ဆည်မြို့သမဝါယမအသင်းစု အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

ကျောက်ဆည် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ် အရှေ့အေးမြကြည်လင်ရပ်ကွက် အေးမြချမ်းသာကျောင်း ဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်သမ ဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး နှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည်။

ဦးစွာ သဘာပတိ ဦးကြည်စိုးနှင့် မန္တလေး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာ စကားပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ်သမ ဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက သမ ဝါယမဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာတစ်ဦးက ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ငွေခွဲဝေစာရင်း၊ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဖတ်ကြားခဲ့သည်။ ဆက်လက်၍ (၁/၂၀၂၆) ညွှန်ကြားချက်နှင့်အညီ အမှုဆောင်ဒါရိုက်တာအသစ်များ ရွေးချယ် ခဲ့ပြီး လုပ်ငန်းတာဝန်များခွဲဝေခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင် (၁၀) ရပ်ကွက်၊ ဒေစီလမ်း၊ အမှတ်-၁၉၉ ဟု ခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မြမြခင်** (၁၃/ကလန (နိုင်) ၀၀၅၉၆၆)၊ **ဦးရဲအောင်** (၁၃/ကလန (နိုင်) ၀၀၆၃၇၇) တို့ထံသို့ ကျွန်ုပ်၏ မိတ်ဆွေ **ဦးမွန်စိုင်း** (၁၀/ရမန (နိုင်) ၁၇၀၉၁၆) နှင့် **ဒေါ်စန်းစန်းမြင့်** (၁၀/သဖရ (နိုင်) ၀၈၁၄၈၄) တို့က အပြီးအပိုင် ဝယ်ယူရန် အိမ်နှင့်မြေရောင်းဖိုး ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်၊ မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးနိုင်လင်းထွန်း(LL.B.,)၊ အထက်တန်းရှေ့နေ (စဉ်-၄၃၁၄၇/၁၃)

အမှတ်-၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်း လမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၇၉၃၆၉၄၆၅၀

✳ M-League မှ

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် Shock ဖြစ်စေသည့် နောက်ထပ် ရှုံးပွဲတစ်ပွဲဖြစ်ပြီး ဒုတိယမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲတွင် ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ် မထိန်းနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ငါးပွဲကစားရာတွင် ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးကို ၁၁ မိနစ်တွင် ယာအိုဗစ်တာကသွင်းယူပြီး ၂၆ မိနစ်တွင် စီရန်ပို့က အား/ကာ သိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် ခိုင်ရဲဝင်းက သွင်းယူခဲ့သည်။ ပွဲအပြီးတွင် နှစ်ဖက်ကစားသမားများ အချင်းများမှု ဖြစ်ပေါ်ခဲ့ သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် အား/ကာ သိပ္ပံအသင်းမှ ခိုင်ရဲဝင်းကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရန်ကုန်စီးတီးအသင်းသည် ရလဒ်ကောင်းဆက်တိုက်ရယူနေပြီး လေးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာအတွက် ပွဲကျပ်ကစားရမည့် ဒဂုံစတား ယူနိုက်တက်အသင်းကို ဖိအားပေးလိုက်ပြီဖြစ်သည်။ တန်းတက်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်စီးတီးအသင်း နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းအတွက် ဂိုးများကို ၂၆ မိနစ်တွင် ဂီလ်မာ၊ ၄၅+၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဝင်းနိုင်ထွန်း၊ ၉၀+၅ မိနစ်တွင် တာဆူချီယာတို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးကို မိနစ် ၄၀ တွင် သော်ဇင်ထွေး က သွင်းယူသည်။ ပထမပိုင်းပြီးခါနီးတွင် ရန်ကုန်စီးတီးအသင်း၏ ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းရန် ကြိုးပမ်းမှုကို မြဝတီအသင်းခေါင်းဆောင် သော်ဇင်ထွေး ဂိုးထဲဝင်ခါနီး လက်ဖြင့် ပုတ်ထုတ်ခဲ့သဖြင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ပင်နယ်တီလည်း ပေးခဲ့ရသည်။ ယခုပွဲ အတွက် AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီးအသင်း ကွင်းလယ်ကစားသမား ယူဂျီကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ပုသိမ် ကျောက်တိုင်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MLeague

✭ နယူးကာဆယ်မှ

အဲဗာတန်အသင်းဟာ ၁၉၉၅ ခုနှစ်က အက်ဖ်အေဖလား ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ဖလားလက်မဲ့ရာသီတွေနဲ့ သာ ဖြတ်သန်းခဲ့ရတာဖြစ်ပြီး လက်ရှိအချိန်မှာ နယူးကာဆယ် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကာရာဘောင်ဖလား ကွာတားဖိုင်နယ်မှာ ဖလီဝုဒ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

လိဂ်တူးကလပ် ဖလီဝုဒ်အသင်းဟာ ကာရာဘောင်ဖလား ၁၆သင်းအဆင့်မှာ အာဆင်နယ်အသင်းကို ပင်နယ်တီအဆုံး အဖြတ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်း နိုင်ခဲ့တာဖြစ်ပါတယ်။

အခြားသော ကာရာဘောင်ဖလား ကွာတာဖိုင်နယ်အဆင့် ပွဲစဉ်တွေမှာတော့ လက်ရှိချန်ပီယံမန်စီးတီးအသင်းက ဘရန့်ဖို့ဒ် အသင်းနဲ့လည်းကောင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းက ဆန်းဒါး လန်းအသင်းနဲ့လည်းကောင်း၊ လီဗာပူးအသင်းက ဘုန်းမောက် အသင်းနဲ့လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမှာဖြစ် ပြီး ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

Lucky Family Enterprise Co.,Ltd မှ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့ရှိ Lucky Family Enterprise Co.,Ltd ကိုယ်စား (MD) ဒေါ်သင်းသင်းနိုင်၏ လွှဲအပ် ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

Lucky Family Enterprise Co.,Ltd မှ ရောင်းချထားပြီးဖြစ်သော မော်တော်ယာဉ်

(၁) 3F / 6765 SAMSUNG မော်တော်ယာဉ်

(၂) 6C / 8024 Hyundai Cargo (14 ဘီး) မော်တော်ယာဉ်

(၃) 6C / 5840 Hyundai Cargo (14 ဘီး) မော်တော်ယာဉ်

၎င်းမော်တော်ယာဉ်(၃)စီးသည် (၂၀၂၄)ခုနှစ်တွင် ရောင်းချခဲ့ပြီးသော မော်တော်ယာဉ်များဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဝယ်ယူထားသူများ အနေဖြင့် မိမိတို့အမည်ပေါက်များ ပြောင်းလဲခြင်းပြုလုပ်ကြပါရန်နှင့် နှစ်ကာလ တစ်ခုကြာ ရောင်းချထားပြီးယာဉ်များဖြစ်၍ ဝယ်သူများလက်ဝယ်တွင် တစ်စုံ တစ်ရာကိစ္စပေါ်ပေါက်လာပါက Lucky Family Enterprise Co,Ltd မှ တာဝန် ရှိသူများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၂၂)

အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ PH; 09-422464007, 09-795598060

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်- ဏ-၉၊ ဦးပိုင်အမှတ်-၃၀-ခ/၃၊ မြို့ပတ်မီးရထား လမ်းနှင့် နဒီမြောင်းကြား၊ ၁၀၁x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မိုးမြင့် [၁၃/ဆဆန(နိုင်) ၀၂၉၇၉၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သီလဝါညယျာဉ်အိမ်ရာရှိ (၈)ခန်းတွဲ (၉)ထပ်တိုက်မှ တိုက်အမှတ် (၂၉)၊ အခန်းအမှတ် (၄၀၄)၊ စတုတ္ထထပ်၊ (၄၀၀)စတုရန်းပေရှိ ဒေါ်အိအိပိုအမည်ပေါက် အိမ်ရာတိုက်ခန်းအား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြည့်မှန်မှန် (၁၂/ကခက (နိုင်) ၀၇၇၈၉၄)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ရာတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သဲနုစံ (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၉)

အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၄)၊ ဦးပိုင်အမှတ်(၂၂)၊ ၄၇လမ်း၊ ၁၀၇x၁၀၈လမ်းကြားရှိ ဦးထွန်းလှ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ဝမ်ရစ်ကျောင်းက တရားပြိုင် ဦးထွန်းလှ (ခ) ရဲတပ်ကြပ်ထွန်းလှအပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၁၅၁/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ဝမ်ရစ်ကျောင်း [၁၃/တမည(နိုင်)၀၀၂၂၀၄]က ၂၄၀၀ိ/-၊ ၄၀၀ိ/-ငွေသွင်း ပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် အမှတ်(၉၆)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၁၉လမ်းမျက်နှာပြု၊ ၈၉x၉၀လမ်းကြားရှိ ဒေါ်ဒေါင်း အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးကျော်ထွန်း (ခ) ကျော်ညွန့်၊ မိခင် ဒေါ်ဒေါင်း၊ သား ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်ချစ်ချစ်သန်းတို့ ကွယ်လွန်၍ ကျန်ရစ်သူသမီး၊ မြေးတို့ဖြစ်ကြသော ဒေါ်အေးအေးသန်း [၉/မနမ(နိုင်)၀၇၂၂၃၇]၊ ဒေါ်မေသူမြင့် (ခ) မာမာခိုင် [၉/အမဇ(နိုင်)၀၅၄၇၈၀]၊ ဒေါ်အိမွန်မြင့် [၉/အမဇ (နိုင်)၀၆၅၀၂၈]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက် အမှတ်(၅၉)၊ ဦးပိုင်အမှတ်(၅၆)၊ ၁၅x၁၆ကြား၊ ၈၀x၈၁လမ်းကြားရှိ ဦးသာဒါနီ၊ ဒေါ်ဒီနီတို့ အမည်ပေါက် ဘိုးဘမြေကွက်အား တရားလို ဦးဇော်ဇော်ထွေးက တရားပြိုင် ဦးသာဒါနီ၊ ဒေါ်ဒီနီတို့အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် အောင်မြေသာစံမြို့နယ် တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၃၀/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဇော် ဇော်ထွေး [၉/မနမ(နိုင်)၁၁၆၉၂၃]က အမည်ပေါက်မြေပုံ၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက် အမှတ် (၄၁၆-ဃ)၊ ဦးပိုင်အမှတ်(၇၁-၃/၅)၊ ၁၀လမ်း၊ ၇၄x၇၅လမ်းကြားရှိ ဦးဉာဏ်ဒင်၊ ဒေါ်သင်းသင်းတို့ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၂၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုင်းအောင်မျိုးဒင် [၉/အမဇ(နိုင်)၀၂၅၆၅၇]၊ ဦးစိုင်းအောင်ဖြိုးဒင် [၉/အမဇ (နိုင်)၀၃၅၃၀၃]တို့က အမှုတွဲအမှတ်(၃၂၀၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက် အမှတ်(၄၁၆-ဃ)၊ ဦးပိုင်အမှတ်(၇၁-၃/၂)၊ ၉x၁၀ကြား၊ ၇၄x၇၅လမ်းကြားရှိ ဦးဉာဏ်ဒင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၄၂၂/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုင်းအောင်မျိုးဒင် [၉/အမဇ(နိုင်) ၀၂၅၆၅၇]၊ ဦးစိုင်းအောင်ဖြိုးဒင် [၉/အမဇ(နိုင်)၀၃၅၃၀၃]တို့က အမှုတွဲအမှတ် (၃၂၀၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၅) လမ်း၊ အမှတ်(၁၃၉/က+ခ) ဟုခေါ်တွင်သော ဒေါ်ကြူ အမည်ပေါက်၊ (၅)ထပ် တိုက်၏ (၄)လွှာ (ခေါင်းရင်းခန်း)၊ ဧရိယာ(၁၃ ပေx ၅၄ ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချသူ ဒေါ်လင်းလင်းထိုက်[၁၄/အမန(နိုင်) ၀၉၂၄၇၅]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိ ကြောင်း၊ ဝယ်ယူသူ ဒေါ်ခင်ခင်ချိုသို့ ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူသူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်၍ ကျန်ငွေများအား ဆက်လက် ပေးချေမည်ဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ချို [၁၂/ရကန(နိုင်)၀၄၁၃၅၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)
(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၈၀၃၀
အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉-၂၆၀၄၀၁၀၇၁

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီး ရပ်ကွက်၊ ၁၁၄ လမ်း၊ အမှတ် ၁၁ (၅-လွှာ)နေ ဦးဗိုဂိုဝင်ဒန်၊ ဒေါ်ဂန္ဓီတို့၏ သား ဦးလှမောင်(ခ)မူရဂါနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၉ ရပ်ကွက်၊ မေခါဝီလမ်း၊ အမှတ်-၂၈၆(ခ)နေ ဦးစွန်ဒရှန်း၊ ဒေါ်ပါးပါးသီး တို့၏သမီးဖြစ်သူ ဒေါ်ဝေဝေမာတို့သည် (၂၉-၁၀-၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲ ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက် ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမောင်(ခ)မူရဂါ၏ လွှဲအပ်ညွှန်ကြားချက်များအရ
ဦးမျိုးညွန့် LL.B (ဖျာပုံ)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၂၆/၂၄-၁-၂၀၁၃)
အမှတ် - ၂၈၊ ပထမထပ်၊ ၁၄၁-လမ်း၊ မအူကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၄၅၀၀၁၂၇၀၆

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဝါဆို)၊ သီရိရတနာလမ်း၊ မြေကွက်အမှတ်(၅၀၉)၊ တိုက်အမှတ် (၃၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (ပထမထပ်) (၂)လွှာ (ခြေရင်းခြမ်း) အကျယ်ပေ (၁၂/၆ x၅၀) ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဒေါ်လှလှမေ [၁၂/ မဂတ(နိုင်)၁၁၉၁၁၄]ကိုင်ဆောင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီခင် [၁၂/လမတ(နိုင်)၀၁၃၉၇၆]ကိုင်ဆောင် သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်း အထောက်အထား မူရင်းများနှင့်တကွ (၇-၁၁-၂၀၂၆)ရက်နေ့ နောက်ဆုံး ထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စအား ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နန်းယုအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၂၀) ရှေ့နေများနားနေခန်း၊
ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။ 09-255 779 105

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၂၃၊ ရွှေလင်ပန်းကျေးရွာ၊ ခရေ(၅)လမ်းနှင့် ခရေ(၆)လမ်း၊ ခတ္တာလမ်းကြား၊ ခရေလမ်းမကြီးပေါ်ရှိ ဧရိယာ (၂.၄၅)ဧက အကျယ်အဝန်းရှိ ဦးရဲဝင်းဦး အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်သည် အမည်ပေါက်ပိုင်ရှင် ဦးရဲဝင်းဦး[၁၂/ဥကမ(နိုင်)၁၅၃၂၁၇]ထံမှ ဦးစောဝင်း[၁၂/ကတတ (နိုင်)၀၀၉၆၅၀] က တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိ လက်ဝယ်ထား ပိုင်ဆိုင်သော ခြံမြေကွက်ဖြစ်ပါသည်။ အဆိုပါခြံမြေကွက်အား ဦးစောဝင်းမှ မည်သူ့ကိုမှ ရောင်းချထားခြင်းမရှိပါ။ ပါမစ်မြေအမျိုးအစား မြို့မြေဖြစ်ပြီး လယ်ယာမြေ လည်းမဟုတ်ပါ။

ယခုအခါ အဆိုပါမြေကွက်အား မသမာသူများမှ ပိုင်ဆိုင်သကဲ့သို့ ဟန်ဆောင်၍ ရောင်းချနေကြောင်း ကြားသိနေရသဖြင့် ထိုကဲ့သို့ မဟုတ်မမှန် အယောင်ဆောင်ရောင်းချနေမှုများအား တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးစောဝင်းမှ ဥပဒေနှင့်အညီ ကန့်ကွက်တားမြစ်ကြောင်းနှင့် တရားမဝင် ရောင်းချရန်သော် လည်းကောင်း၊ ကျူးကျော်ဝင်ရောက်ရန်သော်လည်းကောင်း၊ ဥပဒေမဲ့ဆောင် ရွက်ရန်သော်လည်းကောင်း ပြုလုပ်နေသူများအား ဦးစောဝင်းမှ တည်ဆဲဥပဒေ များနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးစောဝင်းထံမှ ဝယ်ယူခြင်းမဟုတ်ဘဲ အယောင်ဆောင် လိမ်လည် ရောင်းချသူများထံမှ အဆိုပါ မြေကွက်အား ဝယ်ယူခဲ့ပါကလည်း ဥပဒေနှင့်အညီ ဝယ်ယူခြင်းမဟုတ်၍ ဝယ်ယူသူများထံတွင်သာ တာဝန်ရှိလိမ့်မည်ဖြစ်ပါကြောင်း ဦးစောဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးစောဝင်း	**ဒေါ်စိမ့်စိမ့်သူ(LL.B)**
[၁၂/ကတတ(နိုင်)၀၀၉၆၅၀]	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၀၆/၂၀၁၇)**

အမှတ်-၂၁၇/က၊ ငွေပြည်သာယာလမ်း၊ (၁၄)ရပ်ကွက်၊
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၉၆၅၃၀၀၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ယမုံနာ-၁၊ မြေကွက်အမှတ်-ခ/၂၁၃၊ ဧရိယာ ၀.၀၂၈ဧက၊ မြေကွက်တည်နေရာအမှတ်-၂၈၇၊ ၁၃လမ်း၊ ယမုံနာ-၁ရပ်ကွက်၊ ဒေါပုံမြို့နယ် ၁။ ဒေါ်အေးသိန်း[၁၂/ဒပန(နိုင်)၀၁၅၃၆၃]၂။ဒေါ်ခင်ကြည်[၁၂/ဒပန(နိုင်)၀၁၈၉၆၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးသိန်းအပေါ် တရားပြိုင်ထားကာ ဒေါ်စိန်စိန်ဝင်းမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈ဖြင့် ဖော်ပြပါ မြေကွက်ကြီး၏ တစ်ဝက်တိတိ(ခေါင်းရင်းဘက်အခြမ်း) အလျား ၁၂½ ပေxအနံ ၅၀ပေရှိ ဒေါ်အေးသိန်းပိုင်ဆိုင်ခွင့်အစုမြေကွက်အား ပဋိညာဉ်အတိုင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေး စေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့်(၆-၁၂-၂၀၂၄)ရက်စွဲပါစီရင်ချက်ဒီကရီ အမိန့်တာဝန်ခံ မိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၅ခုနှစ်၊ တရားမဇာရီမှု အမှတ်-၃၅/၂၀၂၅၏ (၇-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းထုံးပုံကျအပြီးသတ်အမိန့် တာဝန်ခံမိတ္တူမှန်၊ ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး[၁၂/ တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး(portion)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆၆၉)၊ သုမိတ္တာ(၁၇)လမ်း၊ တိုက်အမှတ်(၆၆၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်(၅လွှာ/B) ခြေရင်းခန်း၊ တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ) တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဦးစိုးမိုးထွေး [၉/ခအဇ(နိုင်)၀၁၁၄၇၁]မှ အကျိုးခံစားခွင့်ရရှိပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြာငုံခင်ခင် [၁၂/ဒဂမ(နိုင်)၀၂၄၅၈၁]မှ ဘဏ်ချိတ်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း (မူရင်း)များနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြာငုံခင်ခင် ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက် အမှတ်(FMI-၈) မြေကွက်အမှတ်(၆၉၄)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်ခင်မာမာအမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ ရွှေစပါယ်(၁)လမ်း၊ တိုက်အမှတ် (F-12)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် ဆက်နွှယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် ကို အမည်ပေါက်သူထံမှတစ်ဆင့် အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိ သူ ဒေါ်မင်းမင်းမော်(၁၂/ဗတထ(နိုင်)၀၀၁၄၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

ဒေါ်မာလာဆွေ
လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)ဦးအဟန်လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

"ပြင်ဆင်ဖတ်ရှုပါရန်"

(၃၀-၁၀-၂၀၂၆) နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈)ပါ "တရားလွှတ်တော်ရှေ့နေ ဒေါ်ဝါဝါနွယ်၏ Green Urban Ventures Company Limited နှင့် အများသိစေရန် အသိပေး ကြေညာ ခြင်း"တွင် "The Part Project" အစား "The Park Project"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီး အထက Grade-12 မှ မောင်စိုင်း ဝဏ္ဏအောင်နှင့် ရွှေကြာအင်း အမက Grade-5 မှ မသွန်းရတီ ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးချစ်စန်းအောင် [၈/မကန (နိုင်) ၁၇၁၀၅၅] ဖြစ်ပါကြောင်း။

ဦးချစ်စန်းအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးအောင်ဇေထွန်း [၁၂/လမန(နိုင်) ၁၆၂၉၇၆]၏ မိခင် ဒေါ်နော်သက် သက်ခိုင် [၁၄/ကလန(နိုင်) ၀၈၁၄၅၆] ၏ အမည်မှာ ဒေါ်နော်သက်သက် ခိုင်နှင့် နော်သက်သက်ခိုင်ဖြစ် နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦး တည်းဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ် (၆၃)၊ ၇၃x၇၄ လမ်းကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိမြေကွက်အား တောဂရန် အမှုတွဲအမှတ် (၅၆/၉၀-၉၁)အရ ဦးသိန်းဟန် မှတ်ပုံတင်အမှတ် (NBN-၂၀၆၆၈၃)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်။ ဒေါ်လင်းလင်းသိန်း မှတ်ပုံတင်အမှတ် [၉/မရမ (နိုင်) ၀၈၄၆၆၀]၊ ဒေါ်ဇာခြည်ဟန် မှတ်ပုံတင် အမှတ် [၉/ပကခ(နိုင်)၀၀၉၆၃၃]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ် (၁၆၁)၊ ဦးပိုင်အမှတ်(၄-ဒ)၊ ၈၄လမ်း၊ ၂၂x၂၃ လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဦးကျန်ဟိန်း(ခ) ဇော်ဦးထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၁၇၂၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှယ်ဂရောင် [၁၃/ဟပတ(နိုင်)၀၀၁၀၄၅]က အမှုတွဲအမှတ် [၀၂၂၄/ဘ (ပြောင်း)/ ၂၀၂၆-၂၀၂၇]ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွတ်အမှတ် (၇၈)၊ မြေကွတ်အမှတ်(၄၂၉/၁-ခ)၊ အကျယ်အဝန်း အလျား၁၀၅၀ ပေ/ ၁၀၄၀ပေxအနံ၈၅ပေ/၈၂ပေ၊ ဧရိယာ(၂.၀၀၃)ဧက၊ (၈၇၂၅၇) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ Tower (C-2) ရှိ TAGU DEVELOPMENT LIMITED အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်-

၁။ ဖော်ပြပါမြေကွက်သည် ကျွန်ုပ်မိတ်ဆွေTAGU DEVELOPMENT LIMITED (Company Reg; No.143531805)မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ တရားဝင် အမည်ပေါက် လက်ရှိထား ပိုင်ဆိုင်သော (Lawful Possession) ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေTAGU DEVELOPMENT LIMITED ၏ တရားဝင် သဘောတူ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါမြေကွက်အတွင်း အဆောက် အဦများ ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရန်ခြင်း၊ ကျူးကျော် ဝင်ရောက်နေထိုင်ခြင်းတို့အပါအဝင် ဥပဒေနှင့်မညီသည့် အခြားမည်သည့်ကိစ္စ အဝဝကိုမျှ လုပ်ဆောင်ခြင်း (လုံးဝ)မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲ ပြဋ္ဌာန်းဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဒေါ်သဉ္ဇာဝင်း (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈)
အခန်းအမှတ်(၉၀၄/C)၊ MAC TOWER ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၂၃၁၆၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်း ရောင်(၄)လမ်း၊ အမှတ်(၅၀၀)နေ ဦးဖြိုးသန့်ကို [၁၂/ဥကမ (နိုင်) ၂၄၉၆၂၀] နှင့် ဒေါ်အေးချမ်းပွင့်ဖြူ [၁၂/ပဇတ(နိုင်)၀၃၇၀၄၅]တို့ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ သမစိတ္တ(၂)လမ်း၊ အမှတ်(၄၂၃/B-4) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ½ ' x ၅၀')ရှိ (၅) ထပ်တိုက်၏ မြေညီဘက်ခြမ်း၊ ၄-လွှာ(ခြေရင်းခန်း)၊ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မ ဒေါ်ရေခါးကူမာရီ [၇/ ဖမန(နိုင်)၂၇၁၄၅၇]မှ ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက် လိုသူများ အနေဖြင့် စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်ရေခါးကူမာရီ [၇/ဖမန(နိုင်)၂၇၁၄၅၇]**

အမှတ်-၄၅၊ ၃-လွှာ(ယာ)၊ စက်ရုံလမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၈၇၃၉၉၀၂၇၈

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၃)၊ ဦးပိုင်အမှတ်(၂၄)၊ ၅၇x၅၈ ကြား၊ ၁၀၄x၁၀၅ လမ်းကြားရှိဦးရာတင် အမည်ပေါက် တောဂရန်မြေကွက်အား အမွေ ဆက်ခံ စာချုပ်အမှတ်(၄၉၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးကြည် [၉/မနမ(နိုင်)၀၉၈၁၇၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၁၇၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၉၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ပ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၂၁) လုံး၊ ထီစာအုပ်ရေ **(၁၇၁၈၁၇၈)** အား ခွဲဝေရောင်းချရာတွင် ထီစာအုပ် **(၁၆၅၃၇၃၉)** အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း **(၁၆၅၃၇.၃၉၀)** ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း **(၁၁၅၇၆.၁၇၇)** ဖြစ်ပါသည်။ (၉၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း **(၀.၄၅၄)** အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း **(၁၁၅၇၆.၆၃၁)** ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>**အထူးဆုကြီး**</u>

(၁)	ကျပ်သိန်းငါးထောင်	=	(၁)	ဆု
(၂)	ကျပ်သိန်းသုံးထောင်	=	(၃)	ဆု
(၃)	ကျပ်သိန်းနှစ်ထောင်	=	(၄)	ဆု
(၄)	ကျပ်သိန်းတစ်ထောင်	=	(၅)	ဆု

(ခ) <u>**ဆုတစ်ဆုချင်း**</u>

(၁)	ကျပ်သိန်းငါးရာ	=	(၁၄)	ဆု
(၂)	ကျပ်သိန်းနှစ်ရာ	=	(၁၅)	ဆု
(၃)	ကျပ်သိန်းတစ်ရာ	=	(၁၆)	ဆု
(၄)	ကျပ်သိန်းငါးဆယ်	=	(၁၇)	ဆု
(၅)	ကျပ်သိန်းနှစ်ဆယ်	=	(၁၇)	ဆု
(၆)	ကျပ်တစ်ဆယ်သိန်း	=	(၁၈)	ဆု

(ဂ) <u>**ဝေဝေဆာဆာပဒေသာဆု**</u>

(၁)	ကျပ်သုံးသိန်း	=	(၁၃၀)	ဆု
(၂)	ကျပ်နှစ်သိန်း	=	(၁၂၀၀)	ဆု
(၃)	ကျပ်တစ်သိန်း	=	(၁၃၀၀၀)	ဆု
(၄)	ကျပ်ငါးသောင်း	=	(၁၀၀၀၀၀)	ဆု
(၅)	ကျပ်တစ်သောင်း	=	(၁၀၀၀၀၀)	ဆု

(ဃ) <u>**ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**</u>

(၁)	ကျပ် တစ်ဆယ်သိန်း	=	(၄)	ဆု
(၂)	ကျပ် သုံးသိန်း	=	(၂၀)	ဆု
(၃)	ကျပ် နှစ်သိန်း	=	(၂၀၀)	ဆု
(၄)	ကျပ် တစ်သိန်း	=	(၂၀၀၀)	ဆု

၄။ (၄၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ (၉၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၁-၂၀၂၆) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီ အချိန်တွင်လည်းကောင်း၊ (၄၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄) ၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ-ရပ်ကွက်၊ အကွက်အမှတ်- ဠ-၈၊ ဦးပိုင်အမှတ်-၃၁၊ ၆၄x၆၅ ကြား၊ ၁၁၇x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေငွေ [၅/တမန(နိုင်)၀၀၅၈၂၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၆၂/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၆၂/က)၊ သီလ(၉)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရွှေရ(CK-007194) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးရွှေရ(ဖခင်)နှင့် ဒေါ်စန်း(မိခင်)တို့ကွယ်လွန်ပြီးၾင်းတို့မှ မွေးဖွားသားသမီး(၆)ဦးအနက်မှ သားတစ်ဦးဖြစ်သူ ဦးလှအေး (ဖခင်)နှင့် ဒေါ်သန်းနွဲ့ (မိခင်)တို့ကွယ်လွန်သဖြင့် အမွေမမီမြေးများဖြစ်ကြသော ဒေါ်မြတ်သူဇာအေး[၁၂/ဥကတ(နိုင်)၁၄၆၇၆၀]၊ ဦးသူရကျော်[၁၂/ဥကတ(နိုင်)၁၄၆၇၆၁]တို့မှ အမည်ပေါက်၏ ကျန်ရှိသားသမီးများဖြစ်ကြသော ဒေါ်ခင်သန်းရွှေ[၁၂/ဥကတ(နိုင်)၀၃၆၅၄၂]၊ ဦးတင်ငွေ[၁၂/ဥကတ(နိုင်)၀၃၆၅၂၀]၊ ဒေါ်တင်တင်လှ [၁၂/ဥကတ(နိုင်)၀၃၆၆၁၉]၊ ဦးတင့်လွင် [၁၂/ဥကတ(နိုင်)၀၃၆၆၉၃]၊ ဦးမြင့်လွင်[၁၂/ဥကတ(နိုင်)၀၃၆၆၇၈]တို့နှင့်ပူးတွဲ၍ သား/သမီး/မြေး များတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၁၂၉/၂၀၂၆(၁၆-၇-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်
သွေးဖြင့်
အသက်ကယ်ပါ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန် ကြေညာအပ်ပါသည်-

(က)	ကြက်ကောင်ရေ (၁၃၅၀)ဆံ့ Evaporated Cooling System Broiler Demonstration Farm (18 m x 6 m x2.2 m) Steel Structure (၁)ထပ် (ရေ၊မီး၊ လမ်းလုပ်ငန်းအပါအဝင်)	လုပ်ငန်း ၁ ခု

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန၊ ၀၆၇-၃၄၁၆၆၅၈ တွင် (၂-၁၁-၂၀၂၆) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းအမှတ်- ၀၆၇-၃၄၁၆၅၃၀၊ ၀၆၇-၃၄၁၆၆၅၈၊ ၀၆၇-၃၄၁၆၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

No.1514, Innes Avenue, San Francisco, California 94124, United States of America နေ ဦးလှကြည်၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်တွင် The Central Tower ဆောက်လုပ်နေသော Marga Landmark Development Co.,Ltd ထံမှ ကျွန်ုပ်၏အမှုသည် ဦးလှကြည်က Tower-3, Level-11, Unit-D တိုက်ခန်း(၁)ခန်းကို (၁၁-၁၂-၂၀၁၉) နေ့တွင် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပါသည်။

Marga Landmark Development Co.,Ltd က (၃၀-၆-၂၀၂၃) နေ့တွင် ထိုတိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု အဆိုပြုသည်ကို ယုံကြည်၍ ဦးလှကြည်က ထိုတိုက်ခန်းရောင်းဖိုးငွေ၏ ၉၀% ကို ပေးချေဝယ်ယူခဲ့ပါသည်။ (၃၀-၆-၂၀၂၃)နေ့တွင် Marga Landmark Development Co.,Ltd က ဦးလှကြည် ဝယ်ယူထားသော တိုက်ခန်းကို လက်ရောက်ပေးအပ်နိုင်ခြင်း မရှိပါ။ (၃)နှစ်ကျော်ကြာမြင့်သည့်တိုင်အောင် ဦးလှကြည်ဝယ်ယူထားသောတိုက်ခန်းကို Marga Landmark Development Co.,Ltd က ဦးလှကြည်အား လက်ရောက်ပေးအပ်နိုင်ခြင်း မရှိ၍ ဦးလှကြည်မှာ များစွာ ထိခိုက်နစ်နာလျက်ရှိပါသည်။

ဦးလှကြည် ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှ ထပ်မံရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်လှဲ့လှဲ့ရီ (B.A, LL.B, D.B.L, D.M.L)	**ဒေါ်မေသက်ပိုင်စိုး (LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၂၄၁၀/၁၉၈၃)	**(စဉ်-၅၀၂၄၈/၂၀၁၈)**
ဖုန်း-၀၉-၅၀၅၉၃၂၂	

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်ကွက်၊ အကွက်အမှတ်-(၄၀၆-K)၊ ဦးပိုင်အမှတ်(၈၂-ဃ)၊ ၈၆ လမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့်မြင့်သန်း [၉/မမန(နိုင်)၀၀၅၁၃၁]က အမှုတွဲအမှတ် (၃၂၂၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၁)၊ ဦးပိုင်အမှတ်(၁၃)ခဲစင်း၊ ၂၀x၂၁ ကြား၊ ၈၈x ၈၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်မြကြည် (မောင်) ဦးထွန်းကြိုင်တို့ (၂)ဦးအနက် ဒေါ်မြကြည် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၂၄၆/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ဦးထွန်းကြိုင် [၈/မကန(နိုင်) ၁၁၈၀၁၈]က အမှုတွဲအမှတ် (၀၂၂၃/ဘခွဲ (ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ်-ထထ-၉၊ ဦးပိုင်အမှတ်-၃၄၊ ၅၈x၅၉ လမ်းကြား၊ ၁၂၆x ၁၂၇ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးသောင်းဌေးထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၂၀၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေကြည်[၁၃/လလန(နိုင်)၀၄၉၃၇၃]က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် “ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည်ပျက်ပြယ်သည်” ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော အမှုတွဲအမှတ် (၃၅၃၇/၉၆-၉၇)၊ ဂရန်စာချုပ်အမှတ် (၁၉၂၄/၉၆-၉၇)အရ တပ်ကြပ်ကြီးမောင်ထူးအမည်ပေါက် ဂရန်စာချုပ်အား ဌာနမှပယ်ဖျက်သွားမည်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၉၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက် အဆောက်အဦ၏ ၈-လွှာ(ခြေရင်းခန်း)၊ (၁၅ပေx ၆၀ပေ)ခန့် အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ၊ (ဓာတ်လှေကား)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူများဖြစ်သော ဦးသာထွန်း [၁၂/စခန(နိုင်) ၀၁၅၆၄၈]နှင့် ဦးအောင်ကျော် [၁၂/စခန(နိုင်) ၀၁၅၆၅၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၁၄၈)
